# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 12 September 2021 ၁၀၄၉၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်လုပ်ရပ်များတိုက်ဖျက်ရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသည့် NUG၊ CRPH၊ PDF အဖွဲ့များနှင့် အစွန်းရောက် NLD ပါတီဝင်များသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့တာဝန်ကို ခေတ္တတာဝန်ယူထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ဆန့်ကျင်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူလူထု ဆူပူအုံကြွမှုများဖြစ်ပေါ်စေရန်လှုံ့ဆော်ခြင်း၊ အစိုးရယန္တရားလည်ပတ်မှုရပ်တန့်စေရန် CDM လှုပ်ရှားမှုများအား ကြိုးကိုင်စီစဉ်ခြင်း၊ အုပ်ချုပ်မှုယန္တရားများရပ်ဆိုင်းစေရန် အုပ်ချုပ်ရေးမှူးများအား လုပ်ကြံသတ်ဖြတ်စေခြင်း၊ " ငါနဲ့မတူ - ငါ့ရန်သူ " အယူအဆဖြင့် NLD ပါတီအား မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား အခကြေးငွေပေး၍ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်စေခြင်းနှင့် မကြာမီကျင်းပတော့မည့် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂညီလာခံနှင့် အချိန်ကိုက်၍ နိုင်ငံအနှံ့ တည်ငြိမ်မှုပျက်ပြားပြီး ပြည်တွင်းစစ်ဖြစ်သယောင်ပုံဖော်ရန် အချို့မြို့ရွာများတွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသည်။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို NUG အကြမ်းဖက်အဖွဲ့၏ စီစဉ်စေခိုင်းမှုများအရ "ပြည်သူ့ကာကွယ်ရေးတပ်" အမည်ခံ PDF အကြမ်းဖက်သမားများ၊ အစွန်းရောက် NLD ပါတီဝင်နှင့် ကြေးစားအဖျက်သမားများက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ စက်တင်ဘာ ၉ ရက်ထိ အောက်ပါအတိုင်း လုပ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) အများပြည်သူဆိုင်ရာနေရာများအား ဗုံးဖြင့်တိုက်ခိုက်မှု ၂,၃၉၀ ကြိမ်။

(ခ) အများပြည်သူဆိုင်ရာနေရာများအား လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ၃၀၄ ကြိမ်။

(ဂ) အပြစ်မဲ့ပြည်သူများအပေါ် လုပ်ကြံသတ်ဖြတ်မှုများကြောင့် ပြည်သူ (သံဃာ ၆ ပါး အပါ) ၇၉၉ ဦး သေဆုံးပြီး ၇၂၆ ဦး ဒဏ်ရာရ။

(ဃ) အစိုးရဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၃၈၆ ကြိမ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

### ကြေးမုံ ယနေ့ ဖတ်စရာ


**ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေ လျှောက်ထားနိုင်ကြောင်း အသိပေး ကြေညာခြင်း** စာမျက်နှာ » ၅

**လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်း တို့ကာကွယ်** စာမျက်နှာ » ၆

**နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ** စာမျက်နှာ » ၈

**တောင်အာဖရိကနိုင်ငံ၌ အသက် ၁၂ နှစ်အောက်လူငယ်များအား Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည်** စာမျက်နှာ » ၁၂




ဒီးတောရေလွှဲဆည်ကို တွေ့ရစဉ်။

## ဆည်ရေသောက်စနစ်မြှင့်တင်ပြုပြင်ခြင်းဖြင့် တောင်သူစီးပွားတိုးပွားစေမည်

ပြောင်းလဲလာသည့်ရာသီဥတုကြောင့် လယ်ယာကဏ္ဍအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် အရေးကြီးသည့်အချက်တစ်ခုဖြစ်လာသည်။ အထူးသဖြင့် မိုးနည်းရပ်ဝန်းဒေသများအတွက် မိုးမျှော်၍ စိုက်ပျိုးမည်ဆိုပါက တောင်သူများစီးပွားမဖြစ်နိုင်။ ထို့အတွက် မိုးကိုမမျှော်ရဘဲ အချိန်မှန်စိုက်ပျိုးနိုင်မည့် ရေပေးဝေနိုင်သည့် ဆည်မြောင်းအဆောက်အအုံများကို တောင်သူများအားကိုးအားထားပြုလာကြသည်။

မြန်မာနိုင်ငံတွင် ဆည်ရေသောက်စနစ်ဖြင့် နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံ ဧက ၂၄ သိန်းခန့်အတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ ထိုကဲ့သို့ စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် နိုင်ငံအတွင်း ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင် ၂၁၀ စုစုပေါင်းဆည်မြောင်း အဆောက်အအုံ ၈၇၀ ကို တည်ဆောက်ထိန်းသိမ်းကာ စီမံဆောင်ရွက်လျက် ရှိကြောင်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

ကြေးမုံ

# စိုက်ပျိုးထုတ်ကုန်တိုးရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ အဓိကထုတ်ကုန်များသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြစ်သည်။ ပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများနှင့်ဆက်နွှယ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အကယ်၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ် အဆင့်မြှင့်တင်နိုင်ပါက နိုင်ငံတစ်ဝန်း လူမှုစီးပွားဘဝများ အဆင်ပြေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရန် ရေမြေသဘာဝကောင်းမွန်သည့်အပြင် သဘာဝသယံဇာတများလည်း ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ သဘာဝသယံဇာတများသည် အကန့်အသတ်များရှိနေသောကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့အဆင့်မြှင့်တင်ခြင်းဖြင့် လူမှုစီးပွားဘဝ အဆင်ပြေအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိပြီး အစဉ်အမြဲ လူဦးရေ တိုးပွားနေသောကြောင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်လိုအပ်ချက်များရှိနေမည်ဖြစ်သည်။ ထို့ကြောင့် စားသောက်ကုန်ထုတ်လုပ်ရေးသည် မတိမ်ကောသော လုပ်ငန်းဖြစ်ပြီး အဆင့်မြှင့်တင်တိုးတက်ထုတ်လုပ်ပါက စီးပွားဥစ္စာတိုးပွားလာမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် စိုက်ပျိုးထုတ်လုပ်နိုင်သည့် သယံဇာတအရင်းအမြစ်များ မရှိသည့်နိုင်ငံများသည် ပြည်ပမှမှာယူတင်သွင်းနေရပြီး ပြည်တွင်း၌ စားနပ်ရိက္ခာ အဆင်ပြေစေရေးအတွက် တီထွင်ကြံဆလုပ်ကိုင်နေကြသည်။ ရေမရှိ၊ မြေမကောင်းသည့်နိုင်ငံများသည် ရေရရှိအောင်၊ စိုက်ပျိုးနိုင်သည့်မြေဖြစ်အောင် တီထွင်ကြံဆပြုလုပ်နိုင်သဖြင့် စိုက်ပျိုးသီးနှံပင်များ ထွက်ရှိနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် ရေမြေရှိပြီး လူသားအရင်းအမြစ်များလည်းရှိသဖြင့် ကြိုးစားအားထုတ်ကြရန်သာလိုပေသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစု၌လည်း နိုင်ငံရေးအပြောင်းအလဲများဖြစ်ခဲ့ကြရာ ပြည်သူများအနေဖြင့် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မိမိတို့၏ အသက်မွေးဝမ်းကျောင်းကို မပစ်ပယ်ဘဲ ကြိုးပမ်းလုပ်ဆောင်ကြသည်ကို အတုယူရမည်ဖြစ်သည်။

နိုင်ငံရေးဘက်တွင်အာရုံစိုက်ပြီး စီးပွားရေးကိုပစ်ပယ်ထားလျှင် ပြည်သူများသာ ထိခိုက်နစ်နာကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်၍ ပြည်တွင်းအတွက်သာမက ကမ္ဘာ့ဈေးကွက်သို့ ပို့ဆောင်နိုင်ပြီး ပြည်ပဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ပျိုးမြေဧက ၁၅ သန်း၊ နွေစပါးစိုက်ပျိုးမြေဧက နှစ်သန်းခန့်ရှိသည်။ မိုးစပါးစိုက်ဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာအတွက် ဆန်စပါးဖူလုံမှုရှိသည့်အပြင် အဆင့်မြင့်အရည်အသွေးကောင်းပါက ပြည်ပသို့ အမြောက်အမြားတင်ပို့နိုင်သည်။ သို့သော် စပါးတစ်ဧကအထွက်နှုန်းသည် တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပသို့ မျှော်မှန်းသလို တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း လမ်းညွှန်မှာကြားထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ယူထားသည့်ကာလအတွင်း စိုက်ပျိုးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးမပေါ်စေရန်အတွက် စီမံဆောင်ရွက်ပေးရန် ရည်မှန်းထားသည်။ သွင်းအားစုများ အသုံးပြုခြင်းနှင့် မျိုးကောင်းများ အသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်နိုင်ကာ တောင်သူများ ဝင်ငွေပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆန်စပါးအဓိကစိုက်ပျိုးကြသည့်အပြင် ဆီထွက်သီးနှံများနှင့် ဝါသီးနှံများလည်းစိုက်ပျိုးကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆီထွက်နှုန်းတိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အားပေးဆောင်ရွက်ကြရန် မှာကြားထားသည်။ အလားတူ ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍လည်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းနှင့် လိုအပ်သည့်ရေနှင့် မြေသြဇာများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပမှ ချည်များတင်သွင်းမှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားများက စပါးစိုက်ပျိုးရေးအပြင် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ချည်မျှင်ရှည်ဝါစိုက်ပျိုးရေးတို့ကို ကြိုးစားဆောင်ရွက်ကြပြီး သက်ဆိုင်ရာတို့ကလည်း ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံ စိုက်ပျိုးရေးအခြေခံကောင်းများရှိသော်လည်း ကိုဗစ်–၁၉ ရောဂါ၊ နိုင်ငံရေးပဋိပက္ခနှင့် အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် ထင်သလောက်ခရီးမပေါက်ခဲ့ဘဲ ရုန်းကန်လှုပ်ရှား လုပ်ကိုင်နေရဆဲဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံ စီးပွားရေးကောင်းမွန်ရေးနှင့် ပြည်သူများ လူမှုစီးပွား အဆင်ပြေ ချောင်လည်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ပိုမိုကောင်းမွန်အောင် တိုးတက်ထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာ့ထွက်ကုန် ပဲကြီးနှင့် နှမ်းနက်များ ပြည်ပဝယ်လိုအားကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် နှစ်သိန်းထိမြင့်တက်



**မန္တလေး စက်တင်ဘာ ၁၁**

မြန်မာ့ထွက်ကုန်သီးနှံ ပဲကြီးနှင့် နှမ်းနက်များ ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် နှစ်သိန်းထိ မြင့်တက်လျက်ရှိကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ သီးနှံများအနက် ပဲကြီးမှာ ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုစက်တင်ဘာလအတွင်း၌ တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်မှုကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် နှစ်သိန်းထိ မြင့်တက်လာခဲ့ပြီး နှမ်းနက်မှာလည်း ပေါ်ဦးပေါ်ဖျား ဇွန်လအတွင်းက သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးသာရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ငွေကျပ် နှစ်သိန်းထိ မြင့်တက်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ပဲကြီးကပြည်တွင်းမှာလည်း မြန်မာလူမျိုးတွေ ကြိုက်နှစ်သက်စွာ စားသုံးကြတဲ့ ပဲအမျိုးအစားဖြစ်တဲ့အပြင် ပဲကြီးက နေ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ပဲကြီးလှော်ကိုထုတ်လုပ်ပြီး စင်ကာပူနိုင်ငံကိုလည်း တင်ပို့မှုတွေရှိနေတယ်လို့ သိရပါတယ်။ ထို့ပြင် တရုတ်နိုင်ငံကလည်း ဒီနှစ်မှာ ဝယ်လိုအား ပိုမိုကောင်းမွန်လာတာကြောင့် ဈေးနှုန်းတွေက အခုလို ရာနှုန်းပြည့် မြင့်တက်လာတာပါ။ နှမ်းနက်ကိုလည်း တရုတ်နိုင်ငံက စားသုံးမှုအပြင် ဆေးဝါးဖော်စပ်ရာမှာ အသုံးပြုဖို့ ဝယ်ယူလာကြတဲ့အတွက် လိုအပ်ချက်တွေများပြီး ဈေးကောင်းပေးဝယ်လာကြပါတယ်" ဟု ၎င်းကပြောသည်။

ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့် ပဲများအနက် ပဲကြီး၊ နှမ်းနက်များအပြင် ပဲဇီးကွက်၊ ပဲတီစိမ်းနှင့် နှမ်းဖြူများလည်း ဈေးနှုန်းမြင့်တက်ကာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၁၀ ခုမှ Citiq 500 Alu Alu ၉၉၀၀၊ Inpro 40 Injection ၂၀၀၀၊ Ztfam Panzo Injection ၄၉၉၂၀၊ Metagard Tablet ၁၉၅၆၁ ခု၊ Solvin Tablet ၂၅၆၀၀၊ Dexamethasone Sodium Phosphate Injection ၅၀၀၀၀၀၊ Faxoday 120 Tablet ၅၀၀၀၊ Fabimer – 400 Tablet ၅၀၀၊ Fondaparinux Sodium Injection ၄၅၀၅ ခု၊ Axaparin 60 MG ၁၅၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ နှာခေါင်းစည်း ၁၁၇၁ ခု၊ Oxygen Cylinder ၁၈၀၊ Oxygen Regulator ၁၈၀၊ Oxygen Generator သုံးခုနှင့် ဆေးဝါးမျိုးစုံ ၁၁ မျိုး ၂၁၄၁၈ ဒသမ ၈ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ၊ မူဆယ်၊ တာချီလိတ်) တွင် ကုမ္ပဏီ ၁၉ ခုတို့မှ Oxygen Cylinder ၂၁၅၀၊ Oxygen Concentrator တစ်ခု၊ နှာခေါင်းစည်း ၂၈၇၀၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၁၇၄ ကုဗမီတာ၊ အောက်ဆီဂျင်အရည် ၁၉ တန်၊ Flow meter ၁၀၈ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၆၀၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ရှစ်ခု၊ Hydrochloride Injection ၁၇၈၁၉ ကီလိုဂရမ်၊ မျက်နှာအကာ ၂၂၅၀ ကီလိုဂရမ်၊ Vitamin C Tablets ၁၀၄၈၈ ကီလိုဂရမ်၊ Liquid Storage Container တစ်ခု၊ Distributor တစ်ခု၊ Oxygen Mask ၆၂ ခု တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | – ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစည်သူလွင် |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# စေတနာထား၍ လုပ်ဆောင်ကြရမည်

**စားရေးသောက်ရေးနှင့် ပတ်သက်၍ အဆင်ပြေချောမွေ့မှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဒေသအလိုက် စားရေရိက္ခာပေါများစေရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံအနေဖြင့် နိုင်ငံသားများနှင့် တိုင်းပြည်၏စီးပွားရေး ကောင်းမွန်အောင်လုပ်ဆောင်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း လုပ်ဆောင်ရသည့် တာဝန်များအလိုက် မိမိအလုပ်နှင့် တိုင်းပြည်အပေါ်တွင် စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့၏ လုပ်ဆောင်မှုများ အောင်မြင်နိုင်မည်ဖြစ်ပြီး တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာထား၍ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ကြည့်ရှုစစ်ဆေး



**ပုဂံ  စက်တင်ဘာ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၀ ရက်တွင် ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်သစ် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာသီရိထံမှ ငါးပါးသီလခံယူပြီး နဝကမ္မ အလှူငွေကျပ်သိန်း ၅၀ နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းလျှောက်ထားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေစည်းခုံဘုရားကြီး ကြံ့ခိုင်မှုကို လည်းကောင်း၊ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် Memory of the World (MoW) ဘုရင့်နောင် ခေါင်းလောင်းနှင့် ကျန်စစ်သားမင်းကြီး၏ အတ္ထုပ္ပတ္တိကျောက်စာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့ ဇမ္ဗူဒီပဗိမာန်တော်တွင် ညောင်ဦးခရိုင်သာသနာရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘဏ်လုပ်ငန်းသည် အများပြည်သူ ယုံကြည်အားကိုးမှုရှိမှ တိုးတက်ဆောင်ရွက်နိုင်မည်

**ရန်ကုန်  စက်တင်ဘာ ၁၁**

ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၄)၌ ကျင်းပရာ ရန်ကုန်မြို့တော်ဘဏ်လီမိတက်နာယက၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့တော်ဘဏ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ဒါရိုက်တာများ၊ သီးခြားလွတ်လပ်သော ဒါရိုက်တာများ၊ ဥပဒေအကြံပေးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝန်ဆောင်မှုပေးရန်လို**

ဦးစွာ ရန်ကုန်မြို့တော်ဘဏ်လီမိတက်နာယက၊ ဥက္ကဋ္ဌ မြို့တော်ဝန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဥပဒေအရ ဘဏ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ၍ လမ်းညွှန်မှုပေးနေပြီး လိုအပ်သော လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းသည် အများပြည်သူ ယုံကြည်အားကိုးမှုရှိမှ တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မှန်ကန်ရိုးသားစွာဖြင့် သွက်လက်မြန်ဆန်စွာ အများပြည်သူကို ဝန်ဆောင်မှုပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်



ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်မင်းက Risk Management (ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု) ဘာသာရပ်ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်မိုးက AML / CFL (ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး) ဘာသာရပ်အားလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်သူများက သိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်ကို ရုပ်သိမ်းခဲ့သည်။

**နှစ်ရက်တာပြုလုပ်မည်**

ရန်ကုန်မြို့တော်ဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာပြုလုပ်မည်ဖြစ်ရာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာရင်းကောင်စီ အသိအမှတ်ပြု U Hla Tun & Associates Limited ဒါရိုက်တာ ဦးမောင်မောင်အောင်(CPA)က ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်၍ အလေးဂရုပြုမည့် အချက်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များကို လည်းကောင်း၊ Myanmar Payment Union ၏ CEO ဦးဇော်လင်းထွဋ်က Digital Payment in Myanmar ဘာသာရပ်ကိုလည်းကောင်း၊ Global Fintech Company Limited CEO ဦးအောင်ဝင်းမြတ်က YCB Payment Gateway ဘာသာရပ်ကို လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများ ထုတ်ချေး

**လင်းခေး  စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်မှ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် (CERP) အရ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေများကို Type 2 ကျေးရွာများဖြစ်သည့် တိမ်းကွမ့်၊ ဟန်လွိုင်၊ ဝမ်မဲ့နှင့် Type 3 ကျေးရွာများဖြစ်သည့် ဝမ်ကွန်၊ ဟန်လုံမုံကျေးရွာတို့၌ ယမန်နေ့က ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်နှင့် သက်ဆိုင်ရာကျေးရွာမှ ကော်မတီဝင်များက ဦးဆောင်ပြီး စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူစုစုပေါင်း ၁၃၄ ဦးထံသို့ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေကျပ် ၈၂ သိန်းကျော်ကို ငွေကျပ် ၁၀၀ လျှင် ပြား ၅၀ နှုန်းထိ အတိုးနှုန်းလျှော့ချကာ ချေးငွေကာလ ၁၂ လဖြင့် ထုတ်ချေးပေးခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

○ ရှေ့ဖုံးမှ

(င) အများပြည်သူဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ ဈေးများအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၃၁ ကြိမ်။

(စ) အများပြည်သူဆိုင်ရာ လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးမှု ၁၇၂ ကြိမ်။

(ဆ) ပညာရေးဆိုင်ရာအဆောက်အဦ(စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ပညာရေးမှူးရုံး) များအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၄၀၆ ကြိမ်။

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ကိုဗစ်ကာကွယ်ဆေးထိုးသည့် နေရာများအား အကြမ်းဖက်တိုက်ခိုက်မှု ၂၁ ကြိမ်။

(ဈ) အများပြည်သူသုံး ဆက်သွယ်ရေးတာဝါတိုင်များအား မီးရှို့ဖောက်ခွဲဖျက်ဆီးမှု ၆၈ ကြိမ်။

အထက်ပါ အကြမ်းဖက်လုပ်ရပ်များတွင် စစ်ဘက်ဆိုင်ရာပစ်မှတ်များနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တပ်စခန်းနေရာများအား တိုက်ခိုက်မှုများ ပါဝင်ခြင်းမရှိဘဲ စစ်ဘက်နှင့်မသက်ဆိုင်သည့် အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ နေရာများ၊ အေးချမ်းစွာနေထိုင်လိုသည့် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများအား အကြမ်းဖက်တိုက်ခိုက်မှုများ၊ NLD ပါတီကို မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှုများကို နိုင်ငံတကာအသိုက်အဝန်းကလည်း လက်ခံနိုင်မည်မဟုတ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသည့်နေရာများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် ဇီဝအကြမ်းဖက်မှုမြောက်ပြီး လွန်စွာ လူမဆန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းသာဖြစ်ပါသည်။



ကလေးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့် တံတားကို တွေ့ရစဉ်။

NUG အကြမ်းဖက်အဖွဲ့က အထက်ပါ အကြမ်းဖက်မှုလုပ်ရပ်များကို အရှိန်မြှင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် အရေးပေါ် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် “နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကထောက်တိုင်များကို ပစ်မှတ်ထားတိုက်ခိုက်ရန်၊ အုပ်ချုပ်ရေးမှူးများ အလုပ်မှချက်ချင်းနုတ်ထွက်ရန်၊ ပြည်သူများအား မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုရန်နှင့် ဝန်ထမ်းများ ရုံးမတက်ရန်” ဟူသော အချက်များဖြင့် ပြည်သူလူထုအား အခမ့်ခြိမ်းခြောက်ထားသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်သည် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို တုံ့ပြန်ရင်ဆိုင်နေရသော ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပိုမိုဆိုးရွားစေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအတွက် စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေသည့် အကြမ်းဖက်လှုံ့ဆော်မှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်အပေါ် ပြည်တွင်းရှိ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက်ကြသည့် အပြင် နိုင်ငံတကာမှလည်း လက်မခံသည့်သဘောထားများဖြင့် ဝေဖန်ပြောကြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

မည်သည့်လူ့အဖွဲ့အစည်း၊ မည်သည့်နိုင်ငံကမျှ လက်မခံသည့် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများအား နိုင်ငံတကာတွင်ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ထိရောက်ပြတ်သားစွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံနိုင်သည့် အကြမ်းဖက်ဝါဒအား ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဝါဒ အမြစ်မတွယ်စေရေးအတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အကြမ်းဖက်မှုများကို တိုက်ဖျက်ရာ၌ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများက သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြသလို မိမိတို့နိုင်ငံတွင်လည်း မိဘပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိစေရေး သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေးပို့ခြင်းဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအသိပေးနှိုးဆော်အပ်ပါသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်အား နန့်စီးအောင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်အနီး မိုင်းခွဲတိုက်ခိုက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ၌ စိုက်ထူထားသည့် Ooredoo ဆက်သွယ်ရေးတာဝါတိုင်၏ အထိုင်စက်ပုံးအား အကြမ်းဖက်သမားများက မီးရှို့သဖြင့် ပျက်စီးနေမှုကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း လပွတ္တာမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်ထုတ်စက် တပ်ဆင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့မြို့နယ်ပြည်သူ့ဆေးရုံသို့ အိမ်သုံးအောက်ဆီဂျင်စက် နှစ်လုံး၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ၆၀၀၀၊ အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ လေးမျက်နှာမြို့ရှိ ပြည်သူ့ဆေးရုံနှင့် အိုင်သပြုတိုက်နယ်ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက အသီးသီးသွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အောက်ဆီဂျင်ထုတ်သည့်စက်များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အောက်ဆီဂျင်ထုတ်သည့်စက်များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ စက်တင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မြို့နယ်ပြည်သူ့ ဆေးရုံ ခုတင်-၂၀၀ ၌ ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်ပေးပို့သော အောက်ဆီဂျင်ထုတ်သည့်စက် ရောက်ရှိတပ်ဆင်နေမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည် ဖြစ်ပါသည်။ သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် စာတမ်းအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည် ဖြစ်ပါသည်။


၂။ ချေးငွေနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များနှင့် လျှောက်လွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများ၏ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ရန်ကုန်မြို့)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့တွင် ရယူနိုင်ပြီး အောက်ဖော်ပြပါ website များမှလည်း ရယူနိုင်ပါသည် -

(က) www.mifer.gov.mm
(ခ) www.moali.gov.mm
(ဂ) www.dica.gov.mm
(ဃ) www.umfcci.com.mm

၃။ လျှောက်လွှာများကို ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့မှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ရန်ကုန်မြို့) နှင့် တိုင်းဒေသကြီး/ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ၌ လက်ခံသွားမည် ဖြစ်ပါသည်။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ထက်ကျော်လွန်တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်း ပြုမည်မဟုတ်ပါ။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၄။ ချေးငွေများ ချေးယူလိုပါက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး
သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ


နောက်ဆက်တွဲ(က)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်

ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ

နေ့စွဲ ၂၀၂၀ ခုနှစ် လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ
(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ----------
(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ----------
(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ----------
(ဃ) လုပ်ငန်းအမျိုးအစား - ----------
(င) လုပ်ငန်းသက်တမ်း - ----------
(စ) မတည်ရင်းနှီးငွေပမာဏ - ----------
(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ----------
၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ
(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလအတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ----------
(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ----------
(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလအတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ----------
(ဃ) လက်ရှိရရှိနေသည့်ဝင်ငွေပမာဏနှင့် ရာခိုင်နှုန်း - ----------
(င) လျော့ကျသွားသည့်ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ----------
၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် - ----------
ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရ)

လက်မှတ် - ----------
အမည် - ----------
မှတ်ပုံတင်အမှတ်- ----------
ရာထူး - ----------
ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်)- ----------

## ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| | **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင်လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်းမှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၇။ | ချေးငွေပြန်လည်ပေးဆပ်မည့်အစီအစဉ် | |
| ၈။ | လုပ်ငန်းဓာတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| | **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော လိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်းမှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၄။ | ချေးငွေပြန်လည်ပေးဆပ်မည့်အစီအစဉ် | |
| ၅။ | လုပ်ငန်းဓာတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ)<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

# လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်း တို့ကာကွယ်

**ဒေါ်မြတ်လေးခိုင်(အလယ်တန်းပြ)**

> ❖ **ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ လူပွဲစားများသည် လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် ဖေ့စ်ဘွတ်၊ ဗိုက်ဘာ၊ မက်ဆင်ဂျာ၊ ဗီတော့၊ တန်ဂို၊ လိုင်း၊ ယူကျူ အစရှိသည်တို့မှ အကောင့်အမျိုးမျိုးပြုလုပ်ကာ အွန်လိုင်းပေါ်မှ စည်းရုံးပြောဆိုလိမ်လည်၍ လူကုန်ကူးမှုများအား စဉ်ဆက်မပြတ်ကျူးလွန်လျက်ရှိသည်ကို ပြည်သူအများ သတိထားရှောင်ရှားကြရန်လိုအပ်**
>
> ❖ **ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုပါက ယခင်က ပြည်ပသို့ သွားရောက်လုပ်ကိုင်ခဲ့ဖူးသော အသိမိတ်ဆွေများနှင့် သေချာစွာဆွေးနွေးတိုင်ပင်ပြီး မိမိနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်သင့်**

ယနေ့ခေတ်တွင် ကမ္ဘာကြီးကို ခြိမ်းခြောက်စိန်ခေါ်နေသည့်အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ လက်နက်မှုတို့အပြင် လူကုန်ကူးမှုသည်လည်း ကမ္ဘာ့ထိပ်တန်းရောက်ရှိနေသည့် လူ့အခွင့်အရေးချိုးဖောက်နေသည့် ပြစ်မှုကြီးတစ်ခုအဖြစ် ရောက်ရှိနေသည်ကို လူအများသိရှိကြမည်ဖြစ်ပေသည်။ လူကုန်ကူးမှုသည် အရင်းအနှီးနည်းပါးစွာဖြင့် အမြတ်အစွန်းများများရရှိသောလုပ်ငန်းဖြစ်သဖြင့် လူကုန်ကူးသူလူပွဲစားများသည် ထိုလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြခြင်းဖြစ်ပေသည်။

လူကုန်ကူးမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးတစ်ယောက်က သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ခေါင်းပုံဖြတ်ရန်အလို့ငှာ စည်းရုံးခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အနိုင်အထက်ပြုခြင်း၊ မိသားစုဘဝရပ်တည်ရန် အခက်အခဲရှိနေသူများကို လိမ်ညာပြောဆိုပြီး ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လက်သင့်ခံခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ ပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ အခြားသောကာမဆိုင်ရာကိစ္စတစ်မျိုးမျိုး ပြုလုပ်ခိုင်းခြင်း၊ အဓမ္မအလုပ်စေခိုင်းခြင်း၊ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ အခြားသူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းစားခြင်း စသည်တို့ကို ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံခြင်း (သို့) လက်ခံရယူရန် သဘောတူခြင်းတို့ ဖြစ်ပါသည်။

**ကုန်ပစ္စည်းသဖွယ်အရောင်းအဝယ်ပြုလုပ်**

လူကုန်ကူးမှု နောက်ခံသမိုင်းတွင် ရှေးယခင်က ကျေးပိုင်ကျွန်ပိုင်ရှင်စနစ် ဖြစ်ထွန်းခဲ့ပြီး ကျွန်ဈေးကွက်တွင် အနိုင်အထက်ပြု၍ အင်အားသုံးပြီး ဖမ်းဆီးခေါ်ဆောင်လာသူများကို ကုန်ပစ္စည်းသဖွယ်အရောင်းအဝယ်ပြုလုပ်ကြကာ အမျိုးသမီးများကို ကျွန်အဖြစ်လက်ခံအသုံးပြုပြီး လိင်မှုဆိုင်ရာများတွင် အသုံးချမှုခံခဲ့ကြရပါသည်။ သမိုင်းဦးဘုံမြေစနစ်မှ ကျွန်ပိုင်ရှင်စနစ်သို့ ကူးပြောင်းခြင်းသည် ရှေးဟောင်းအရှေ့တိုင်းဒေသများ၏ သမိုင်းမှစတင်ကာ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၀၀၀ မှ ၂၀၀၀ အတွင်း ကျွန်ပိုင်ရှင်စနစ်သည် ဆူမေးနီးယားပြည်၊ ဘေဘီလိုးနီးယားပြည်၊ အာဆီးနီးယားပြည်၊ အီဂျစ်ပြည်၊ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့တွင် လွှမ်းမိုးခဲ့ပါသည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ခန့်က ဥရောပတိုက်၌ လွှမ်းမိုးခဲ့ကာ ခရစ်တော်မပေါ်မီ နှစ် ၅၀၀ မှ ၄၀၀ အတွင်း ဂရိနိုင်ငံများ၌လည်း လွှမ်းမိုးခဲ့ပါသည်။

ကျွန်ပိုင်ရှင်တစ်ယောက်၏ အခွင့်အာဏာသည် အကြွင်းမဲ့အာဏာမျိုး (သက်ဦးဆံပိုင်အာဏာ) ဖြစ်ပါသည်။ ကျွန်တို့သည် ကြာပွတ်၏ ထိန်းကျောင်းမှုကိုခံကြရင်း ကြမ်းတမ်းသော လုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ ကျွန်၏ ခန္ဓာကိုယ်ပေါ်တွင် ထိုကျွန်၏အမည်ကိုဖြစ်စေ၊ အခြားအမှတ်အသားကိုဖြစ်စေ ထိုးခတ်ထားသည်။ ထို့အပြင် လည်တိုင်တွင်လည်း ကျွန်၏နာမည်ကို ထိုးခတ်ထားသော သံကော်လာကွင်းကို စွပ်ထားစေသည်။ ကျွန်ပိုင်ရှင်တို့သည် ကျွန်များအပေါ် အကြမ်းကြုတ်ဆုံးသောရက်စက်မှုမျိုးကို ပြုလုပ်ခဲ့ကြပြီး မသေရုံမျှသာ အစားအသောက်နှင့် အဝတ်အစားများကို ပေးပါသည်။ လူသားချင်း ကျွန်ပြု၍ ရောင်းကုန်ပစ္စည်းသဖွယ် ကျွန်ဈေးကွက်တွင် ရောင်းဝယ်လုပ်ကိုင်ကြပါသည်။

**ခေတ်သစ်ကျေးကျွန်စနစ်**

ကျွန်ပိုင်ရှင်တို့သည် ကျွန်များကို စစ်ပွဲများတွင် စုဆောင်းကြကာ များစွာသောစစ်သုံ့ပန်းများသည် ကျွန်များ၏ဘဝကို ခံယူကြရပါသည်။ ရှေးခေတ်တွင် ကျွန်ပိုင်ရှင်စနစ်ကို ကျင့်သုံးသောနိုင်ငံများစွာတို့သည် အင်အားနည်းသော တိုင်းပြည်များကို စစ်ရေးအားဖြင့် တိုက်ခိုက်သိမ်းပိုက်၍ စစ်ရှုံးသောစစ်သားများကိုသာမက စစ်ရှုံးနိုင်ငံ၏ ပြည်သူလူထုများစွာကိုလည်း ကျွန်စာရင်းသွင်းကြပါသည်။ ထိုကျေးကျွန်စနစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်က ကမ္ဘာမှ ပျောက်ကွယ်ခဲ့ပြီး လွန်ခဲ့သော ၁၉၈၀ ဝန်းကျင်ခန့်တွင် ကမ္ဘာနှင့်အဝှမ်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု၊ ဖွံ့ဖြိုးမှုမမျှတခြင်း၊ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် လူကုန်ကူးမှုပြဿနာသည် ခေတ်သစ်ကျေးကျွန်စနစ်ပုံစံဖြင့် ပြန်လည်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာကို (၁၉၉၅-၁၉၉၆)ခုနှစ်လောက်မှစ၍ သတိပြုလာမိခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းငါးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံများအနက် စီးပွားရေးတိုးတက်မှုကွာဟ၍ သွားလာရန်လွယ်ကူသော ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ရာမှ အလုပ်လုပ်ကိုင်သူများအပေါ် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံကြရသည့်အတွက် လူကုန်ကူးမှုပြဿနာကို စတင်သတိပြုမိခဲ့ခြင်းဖြစ်ပါသည်။

လူသားတိုင်း မိမိတို့ဘဝရပ်တည်နိုင်ရေးအတွက် ရေကြည်ရာမြက်နုရာသို့ တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်စားသောက်ကြရာမှ အလုပ်အကိုင်အခွင့်အလမ်းပေါများသော အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်လျက်ရှိကြသည်။ ထိုကဲ့သို့ သွားရောက်လုပ်ကိုင်ကြရာတွင် တရားဝင်ရွှေ့ပြောင်းသွားလာမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုဟူ၍ နှစ်မျိုးတွေ့ရှိကြရမည်ဖြစ်ပါသည်။ တရားဝင်ရွှေ့ပြောင်းသွားလာမှုသည် ပတ်စ်ပို့၊ ဗီဇာနှင့် စာရွက်စာတမ်းအထောက်အထားများပြုလုပ်ကြပြီး သက်ဆိုင်ရာအေဂျင်စီများနှင့် ချိတ်ဆက်ကာ သွားရောက်လုပ်ကိုင်ခြင်းဖြစ်ပြီး တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် မည်သည့်စာရွက်စာတမ်း အထောက်အထားမျှမပါရှိဘဲ တစ်ဖက်နိုင်ငံသို့ခိုးဝင်ကာ သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ တရားမဝင်ရွှေ့ပြောင်းသွားလာမှုကို လူမှောင်ခိုမှုဟု ခေါ်ပါသည်။ ထိုလူမှောင်ခိုမှုများကို လူပွဲစားများ၊ လူကုန်ကူးသူများက ကျူးလွန်လျက်ရှိကာ ထိုကဲ့သို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ခြင်းမှ လူကုန်ကူးမှုများဖြစ်ပေါ်လာပြီး ရွှေ့ပြောင်းသွားလာခြင်းသည် လူကုန်ကူးမှုကို စတင်ဖြစ်ပေါ်လာစေပါသည်။

**လိမ်လည်စည်းရုံး**

လူကုန်ကူး၊ လူမှောင်ခိုနှင့် ရွှေ့ပြောင်းသွားလာခြင်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြပြီး ယနေ့ခေတ်တွင် ကျယ်ပြန့်စွာလုပ်ကိုင်နေကြကာ လူပွဲစားများက လူကုန်ကူးမှုအသိပညာဗဟုသုတနည်းပါးသော ကျေးလက်တောရွာဒေသများတွင် လွန်ခဲ့သော ဆယ်စုနှစ်ခန့်က အိမ်တိုင်ရာရောက်သွားရောက်ကာ တရုတ်နိုင်ငံသို့ အိမ်ဖော်အလုပ်လုပ်ရမည်၊ လစာကောင်းကောင်းရမည်ဟု လိမ်လည်စည်းရုံးခဲ့ကြပြီး အမျိုးသမီးမိန်းကလေးများအား ရောင်းစားခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ်များ မြောက်မြားစွာရှိခဲ့ပါသည်။

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ လူပွဲစားများသည် လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် ဖေ့စ်ဘွတ်၊ ဗိုက်ဘာ၊ မက်ဆင်ဂျာ၊ ဗီတော့၊ တန်ဂို၊ လိုင်း၊ ယူကျူ အစရှိသည်တို့မှ အကောင့်အမျိုးမျိုးပြုလုပ်ကာ အွန်လိုင်းပေါ်မှ စည်းရုံးပြောဆိုလိမ်လည်၍ လူကုန်ကူးမှုများအား စဉ်ဆက်မပြတ်ကျူးလွန်လျက်ရှိသည်ကို ပြည်သူအများ သတိထားရှောင်ရှားကြရန် လိုအပ်မည်ဖြစ်ပါသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုပါက ယခင်က ပြည်ပသို့ သွားရောက်လုပ်ကိုင်ခဲ့ဖူးသော အသိမိတ်ဆွေများနှင့် သေချာစွာဆွေးနွေးတိုင်ပင်ပြီး မိမိနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။ ထိုကဲ့သို့ ချိတ်ဆက်ဆောင်ရွက်သွားရောက်လုပ်ကိုင်ရာတွင်လည်း မိမိတို့၏ အဓိကကျသည့်ကိုယ်ရေးအချက်အလက်များအပြင် သက်ဆိုင်ရာဖုန်းနံပါတ်များကို အလွတ်ကျက်မှတ်ထားရမည့်အပြင် အတူနေထိုင်သည့် မိဘဆွေမျိုးညီအစ်ကိုမောင်နှမများကိုလည်း အလွယ်တကူဆက်သွယ်မှုပြုနိုင်ရန်အတွက် ပေးထားခဲ့ရမည်ဖြစ်ပါသည်။ သို့မှသာ အခက်အခဲတစ်စုံတစ်ရာကြုံလာခဲ့ပါက လွယ်ကူလျင်မြန်စွာဖြင့် အမြန်ဆုံးဆက်သွယ်နိုင်မည်ဖြစ်ပါသည်။

**အမျိုးသားများလည်း လူကုန်ကူးခံရ**

လူကုန်ကူးခြင်းသည် အမျိုးသမီးများနှင့် ကလေးငယ်များတွင်သာ ဖြစ်ပွားခြင်းမဟုတ်ဘဲ အမျိုးသားများလည်း လူကုန်ကူးခံရသည့် ဖြစ်စဉ်သာဓကများစွာရှိခဲ့သဖြင့် သတိပြုရန်လိုအပ်လှပါသည်။ လူကုန်ကူးမှု ပပျောက်လျော့နည်းရေးအတွက် ပြည်သူအားလုံးတွင် တာဝန်ရှိသဖြင့် လူကုန်ကူးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားရှိပါသည်။ လူကြီးမိဘတို့၏ လျစ်လျူရှုပေါ့ဆမှုကြောင့် မသိနားမလည်သေးသော အရွယ်မရောက်သေးသည့်ကလေးသူငယ်များကို လူကုန်ကူးသူ လူပွဲစားများက အမျိုးမျိုးမက်လုံးပေးပြီး အခွင့်ကောင်းယူကာ ရောင်းစားနေသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက သတိကြီးစွာဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် အထူးလိုအပ်လှပေသည်။

မိသားစုအတွင်း အိမ်တွင်းရေးပြဿနာများမှ ကလေးသူငယ်များကို လမ်းမားပေါ်သို့ တွန်းပို့ပေးနိုင်သဖြင့် လူကြီးမိဘများအနေဖြင့်လည်း ဂရုပြုရန် အရေးကြီးပါသည်။ မိမိ၏ဆန္ဒ လိုချင်တပ်မက်မှုများမှတစ်ဆင့် လူကုန်ကူးသူလူပွဲစားများအတွက် အခွင့်အရေးဖြစ်ကာ အမြတ်ထုတ်သွားနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများတွင် တရုတ်အမျိုးသားများနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန်အတွက် မြန်မာအမျိုးသမီးများအား ရောင်းစားခြင်း၊ တရုတ်နိုင်ငံသို့ ကလေးသူငယ်များကို မွေးစားရန်အတွက် ရောင်းစားခြင်း၊ အမျိုးသားလူငယ်လူရွယ်များကို ထိုင်းငါးဖမ်းလှေများတွင် အဓမ္မခိုင်းစေရန်အတွက် ရောင်းစားခြင်း၊ ထိုင်းနိုင်ငံရှိစက်ရုံများတွင် အဓမ္မခိုင်းစေပြီး လုပ်အားခေါင်းပုံဖြတ်ခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ အိမ်ဖော်အဖြစ် အဓမ္မစေခိုင်းခြင်း၊ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုသည့်အပြင် သူတောင်းစားအဖြစ်တောင်းရမ်းခိုင်းစေခြင်းတို့ကို အမြဲသတိပြုသိရှိထားရမည်ဖြစ်ပေသည်။ သတိတစ်ချက်ဘဝတစ်သက်ဆိုသည့်အတိုင်း လူကုန်ကူးမှုနှင့်ပတ်သက်လျှင် အရာရာကို သတိတရားလက်ကိုင်ထား၍ လူတိုင်းကိုယ်စီ လူကုန်ကူးမှုအသိပညာဗဟုသုတများကို နားလည်သိရှိထားရန်လည်း အထူးအရေးကြီးလှပါသည်။ အကြမ်းဖျင်းအားဖြင့် လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းရင်းများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-


(၁) ဝင်ငွေနည်းပါးခြင်း၊
(၂) အလုပ်အကိုင်ရှားပါးခြင်း၊
(၃) ပညာရေးနိမ့်ပါးခြင်း၊
(၄) သတင်းမှန်မသိရှိခြင်း၊
(၅) ယုံလွယ်ခြင်း၊
(၆) မိသားစုထောက်ပံ့ရန်လိုအပ်ခြင်း၊
(၇) လူကုန်ကူးမှု အသိပညာဗဟုသုတများကို စိတ်ဝင်စားမှုနည်းခြင်း၊
(၈) စူးစမ်းစမ်းသပ်လိုခြင်း၊
(၉) မိသားစုပြဿနာရှိခြင်း၊
(၁၀) အကြွေးတင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ✪

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

**မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့**

**စက်တင်ဘာလ ၁၃ ရက်**



**၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

❂ စာမျက်နှာ ၆ မှ

ယင်းပြဿနာများကို ဖြေရှင်းရာတွင် တစ်ဦးတစ်ယောက်ကောင်းဖြင့် အောင်မြင်မှုမရရှိနိုင်ဘဲ ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းဖြေရှင်းမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သဖြင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ လူကုန်ကူးမှုများ လျော့နည်းပပျောက်နိုင်မည်ဖြစ်ပေသည်။

လူကုန်ကူးမှုသည် ကြီးလေးသောပြစ်မှုကြီးတစ်ရပ်ဖြစ်သဖြင့် လူကုန်ကူးသူများကို ထိရောက်သောပြစ်ဒဏ်များရရှိရေးအတွက် တရားစွဲအဖွဲ့အစည်းများကလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တာဝန်ရှိသူများကလည်း လူကုန်ကူးမှုများကို စစ်ဆေးစီရင်ရာတွင် အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် စစ်ဆေးစီရင်ကြရန်လိုအပ်သည့်အပြင် ပြစ်မှုကျူးလွန်သူများသာမက ၎င်းတို့နှင့် ဆက်စပ်ပတ်သက်သည့် မသမာမှုပြုနေသူများကိုလည်း ပြစ်မှုထင်ရှားစစ်ဆေးပေါ်ပေါက်ပါက ထိရောက်ဟန့်တားလောက်သော ကြီးလေးသည့် ပြစ်ဒဏ်များချမှတ်ရန် တရားရုံးချုပ်က တရားရုံးအသီးသီးသို့ ညွှန်ကြားထားရှိပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ လူကုန်ကူးမှုပြဿနာသည် မြန်မာတိုင်းရင်းသားတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးအနွယ်စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေပါသည်။ သို့ဖြစ်၍ လူကုန်ကူးမှုပြဿနာပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူပြည်သားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်လှပါသည်။

ထို့ကြောင့် ယခုနှစ် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အတွက် “**တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံနားထောင်ပေး**” ဟူသော ဆောင်ပုဒ်အတိုင်း ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ သတိတရားလက်ကိုင်ထား၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အကြံပြုတင်ပြအပ်ပါသည် ။ ။



## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီး၌ ဆက်လက် လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်နန်းတော် စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၄ ဦး၊ မြန်မာ– တရုတ် နှစ်နိုင်ငံနယ်စပ် နမ့်ဖာဟော်တံတားမှ အမျိုးသမီး နှစ်ဦးနှင့် ရန်လုံကျိုင်းတံတားမှ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၁ ဦးတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ပုံဆိပ်ကမ်းမှ အမျိုးသား ၁၁၉ ဦးနှင့် အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၂၀၀ တို့ကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါစစ်ဆေးပေးခြင်း၊ ကန့်သတ်စောင့်ကြည့်ရေးစင်တာဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အယုံလွယ်ခဲ့လျှင်

လူကုန်ကူး သည်ဇာတ်လမ်း
တစ်ခန်းရပ် ရင်ထဲဖို။
ကပြတဲ့ ဇာတ်အကြမ်း
အလွမ်းခန်းငို။
ဒို့ရွာက မိအေးပို
ငွေဆိုရင် တကယ်မက်။
အနေအထိုင် ပက်စက်လို့
ဘဝကပျက်။
အလှမက် ငွေကိုခင်
ပြောတိုင်းပင် ယုံတဲ့လူ။
လိမ်ညာကာ စကားသုံး
မက်လုံးပေးသူ။
ပေးတိုင်းလည်း သူကယူ
အပူတွေ သူဖြေရှင်း။
ရင်းနှီးလာ သူယုံတော့
လူကုန်ကူးခြင်း။
အလုပ်မရှိ အလုပ်ရှာ
ဝမ်းစာတွက် တွေးလို့နေ။
တစ်နေဝင် တစ်နေထွက်
ရှာဖွေရပေ။
အချိန်တွေ ကြာလာလေ
ဗျာပါဒွေ စိတ်ဒုက္ခ။
အလိမ်အညာ ယုံမိလို့
ကုန်ကူးခံရ။
ကိုယ့်ဌာနေ အထင်သေး
ရပ်ဝေးကို ထင်ကြီးသူ။
တပြည်သူ မရွှေထား
သောကများပူ။
အားကိုးလို့ တစ်ပင်ထူ
ရင်ပူခဲ့ သူ့ဘဝ။
လူလိမ်ကို အပေါင်းမှား
ရောင်းစားခံရ။
ရောင်းကုန်ထဲ လူမပါ
များသူငါ သိကြစေ။
ကိုယ်ချင်းလည်း မစာနာ
စီးပွားရှာနေ။
ကိုယ့်သွေးသားပမာပေ
စာနာလေ အချင်းချင်း။
လူဆိုလျှင် လူအသိ
ရှိဖို့လိုခြင်း။
လူလိုမြင် သိတရား
မထားဘဲ ကင်းမဲ့လျှင်။
မကောင်းတဲ့စိတ်ရှိသူ
လူကုန်ကူးချင်။
ကိုယ့်လူမျိုး သူမမြင်
မဆင်ခြင် သူ့စီးပွား။
ကလေးအရွယ် လူအပေါင်း
သူရောင်းလို့စား။
ခေတ်ကာလ သည်အခြေ
လူလိမ်တွေ ပေါပါတယ်။
သူစိမ်းဆို သတိထား
ယုံစားရင်ကွယ်။
လှည့်စားတာခံရမယ်
ရောင်းစားတယ် လူပွဲစား။
အယုံလွယ်ခဲ့လျှင်ဖြင့်
လူကုန်သည် လက်အတွင်း
ချက်ချင်းရောက်သွား။ ။

**ခိုင်ချစ်အောင်**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ

ကနောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်း မပျက်ယွင်းရအောင် တာဝန်ယူဦးဆောင်ဦးရွက်ပြုခဲ့တာ ခုနစ်လတာပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

စတင်တာဝန်ယူခဲ့တဲ့ ဖေဖော်ဝါရီ၊ မတ် စတဲ့အစောပိုင်းလတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် နိုင်ငံတော်အစိုးရရဲ့ စေတနာအရင်းခံ ဆောင်ရွက်မှုတွေက ပိုမိုမြင်သာ ထင်ရှားလာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုတွေ၊ တည်ငြိမ်အေးချမ်းမှုတွေကို ယခင်လများထက် ပိုမိုမြင်တွေ့လာရသလို ကိုဗစ်-၁၉ ရောဂါကို အစိုးရ၊ ပြည်သူ၊ အသင်းအဖွဲ့တွေနဲ့ တပ်မတော်သားတွေအားလုံး ညီညီညာညာနဲ့ တွန်းလှန်ကြခြင်းရဲ့ အဖူးအပွင့်တွေအဖြစ် ပိုးတွေ့လူနာဦးရေလည်း မျှော်မှန်းအခြေအနေကို ကျဆင်းလာခဲ့ပြီ ဖြစ်ပါတယ်။ ကိုဗစ်ကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ လူမှုစီးပွားဘဝတွေကို အမြန်ဆုံးပြန်လည်ဦးမော့စေဖို့ အခြေခံစီးပွားရေးလုပ်ငန်းတွေအပါအဝင် ကဏ္ဍအသီးသီးမှာ မြှင့်တင်မှုတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြသလို လာလတ္တံ့သော မျိုးရိုးဗီဇကွဲ ကိုဗစ်အစွယ်အပွားတွေကို တိုက်ထုတ်ရာမှာ အရေးကြီးတဲ့ ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ်တွေကလည်း တစ်နိုင်ငံလုံးအတိုင်းအတာ အားကောင်းလာခဲ့ပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်တစ်လတာမှာ နိုင်ငံအုပ်ချုပ်ရေးအခင်းအကျင်းသစ်တွေ၊ အာဆီယံအပါအဝင် မိတ်ဖက်နိုင်ငံတွေရဲ့ လက်တွဲခေါ်ယူမှုတွေ၊ ပြည်သူတွေတစ်စတစ်စနဲ့ ပြန်လည်ကျန်းမာလာမှု စတာတွေအပြင် နိုင်ငံတော်က စီးပွားရေးအခြေခံများ ဖြည့်ဆည်းမှု၊ ပြည်သူအချင်းချင်း ကူညီဖေးမမှုနဲ့ အကြမ်းဖက်မှုတွေတိုက်ဖျက်ရေးမှာ ပြည်သူတွေ တစ်တပ်တစ်အား ပါဝင်လာမှုတွေကြောင့် ရောင်နီလင်းတဲ့ ဩဂုတ်လပင် ဖြစ်ပါတယ်။

ဩဂုတ်လ ၁ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ထူးခြားတဲ့ပြောင်းလဲမှုတစ်ရပ်ကို မြင်တွေ့ခဲ့ရပါတယ်။ အဲဒါကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နဲ့အညီ နိုင်ငံတော်တာဝန်တွေကို ပိုမိုလွယ်ကူထိရောက်လျင်မြန်စေဖို့ ရည်ရွယ်ချက်နဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီမံခန့်ခွဲရေးကော်မတီကို "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့"အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ခြင်း ဖြစ်ပါတယ်။

ပြောင်းလဲဖွဲ့စည်းလိုက်တဲ့ အိမ်စောင့်အစိုးရအဖွဲ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ဒုတိယဝန်ကြီးချုပ်အဖြစ် ဒုတိယဥက္ကဋ္ဌကတာဝန်ယူခဲ့ပါတယ်။ အစိုးရအဖွဲ့မှာ ပြည်ထောင်စုဝန်ကြီးတွေ၊ ပြည်ထောင်စုရှေ့နေချုပ်၊ အိမ်စောင့်အစိုးရအဖွဲ့ရုံးရဲ့ အမြဲတမ်းအတွင်းဝန်တို့ ပါဝင်ဖွဲ့စည်းထားပါတယ်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးများ ထပ်မံခန့်အပ်ခြင်း၊ ပြောင်းရွှေ့တာဝန်ပေးခြင်း၊ ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ ပြင်ဆင်ဖွဲ့စည်းခြင်း စတဲ့အပြောင်းအလဲကောင်းတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်နဲ့ ပြည်သူ့အတွက်ဦးဆောင်လှုပ်ရှားမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဩဂုတ်လ ၁ ရက် နိုင်ငံတော်တာဝန် ထမ်းဆောင်တဲ့ ခြောက်လပြည့်မြောက်တဲ့နေ့မှာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်တွေကို ပယ်ဖျက်ပြီးတဲ့နောက် အရေးပေါ်ကာလပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်ဆောင်သွားမှာဖြစ်တဲ့အပြင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲအသစ်ကို ပြန်လည်ကျင်းပသွားမှာဖြစ်တယ်ဆိုတာကို ထပ်လောင်းပြောကြားခဲ့သလို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းပြည့်ဝတဲ့ အလေ့အထကောင်းတွေကို ပြည်သူတွေရရှိလာစေရေး၊ အထူးအားဖြင့် ကိုဗစ်-၁၉ ကို အစိုးရနဲ့ပြည်သူတစ်ရပ်လုံးက လူ့စွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဉာဏစွမ်းအားတွေနဲ့ စုပေါင်းပြီး အောင်မြင်အောင်ကာကွယ်ကြရေး စတာတွေကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် မိမိတို့နိုင်ငံရဲ့ အခြေခံစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ကြဖို့နဲ့ ပြည်သူအားလုံး သွေးစည်းညီညွတ်ကြစေဖို့ အလေးထားတိုက်တွန်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဦးဆောင်တဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂ ရက်က ကျင်းပခဲ့သလို သတ္တမအကြိမ် အစည်းအဝေးကိုလည်း ဩဂုတ်လ ၉ ရက်မှာ ကျင်းပခဲ့ပါတယ်။ အဋ္ဌမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၆ ရက်၊ နဝမအကြိမ် အစည်းအဝေးကို ဩဂုတ်လ ၂၃ ရက်က ကျင်းပခဲ့ပြီး (၁၀) ကြိမ်မြောက် အစည်းအဝေးကိုတော့ ဩဂုတ်လ ၃၀ ရက်က ကျင်းပခဲ့တဲ့အတွက် တစ်လတာအတွင်း နိုင်ငံတော်အဆင့် အစည်းအဝေးပေါင်း ငါးကြိမ်ခန့်ကျင်းပပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်းခဲ့တာ မြင်တွေ့ရပါတယ်။

ညှိနှိုင်းအစည်းအဝေးတွေရဲ့ ရလဒ်တွေအဖြစ် နိုင်ငံတကာအကူအညီတွေ မြန်မြန်ဆန်ဆန် ရရှိလာခဲ့သလို ကာကွယ်ဆေးထိုးနှံပေးနိုင်မှု တစ်နိုင်ငံလုံး မြင့်တက်လာခဲ့ပါတယ်။ ဇူလိုင်လအတွင်းက အရေးတကြီးလိုအပ်ခဲ့တဲ့ အောက်ဆီဂျင်ကိုလည်း ယခုလမှာ ပိုမိုတင်သွင်းလာနိုင်တာ၊ ပြည်တွင်း ထုတ်လုပ်နိုင်မှု မြင့်မားလာခဲ့တာတွေအပြင် ကုသရေးဆေးဝါးနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေရဲ့ ဈေးနှုန်းတွေကို ထိန်းချုပ်လာနိုင်ခဲ့ပါတယ်။ အခြေခံစားသောက်ကုန်တွေကို ရွှေ့လျားမော်တော်ယာဉ်တွေထံကနေ ပြည်သူတွေက ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူနိုင်ခဲ့တာကိုလည်း တွေ့မြင်ရပါတယ်။

ဩဂုတ်လအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေကို အစိုးရအဖွဲ့၊ ကျန်းမာရေး တာဝန်ရှိသူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ပြည်သူတွေအားလုံး စုပေါင်းကြိုးပမ်းမှုရလဒ်အဖြစ် ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်းနဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀ ရာခိုင်နှုန်းအောက်အထိ ကူးစက်မှုကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ☆



တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm များ ပို့ဆောင်ဖြန့်ဖြူးရန် တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။ ဓာတ်ပုံ - ကနူး

**ဩဂုတ်တစ်လတာမှာ နိုင်ငံအုပ်ချုပ်ရေးအခင်းအကျင်းသစ်တွေ၊ အာဆီယံ အပါအဝင် မိတ်ဖက်နိုင်ငံတွေရဲ့ လက်တွဲခေါ်ယူမှုတွေ၊ ပြည်သူတွေ တစ်စတစ်စနဲ့ ပြန်လည်ကျန်းမာလာမှုစတာတွေအပြင် နိုင်ငံတော်က စီးပွားရေး အခြေခံများ ဖြည့်ဆည်းမှု၊ ပြည်သူအချင်းချင်း ကူညီဖေးမမှုနဲ့ အကြမ်းဖက်မှုတွေတိုက်ဖျက်ရေးမှာ ပြည်သူတွေ တစ်တပ်တစ်အား ပါဝင်လာမှုတွေကြောင့် ရောင်နီလင်းတဲ့ ဩဂုတ်လပင်ဖြစ်**

# ပြည်သူ့အကျိုးပြု သတ္တမတစ်လတာ

☆ စာမျက်နှာ ၈ မှ

ထို့အတူ နိုင်ငံတော်က ဝယ်ယူထားတာ၊ ပြည်ပနိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေက လှူဒါန်းထားတာတွေကြောင့် ရရှိထားတဲ့ ကာကွယ်ဆေး ၁၀ ဒသမ ၂ သန်းကို ပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးက ပြည်သူတွေထံ အမြန်ဆုံးရောက်ရှိစေဖို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့က မော်တော်ကား၊ လေယာဉ်၊ ရဟတ်ယာဉ်စတာတွေနဲ့ ပို့ဆောင်ပေးနိုင်ခဲ့တဲ့အတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ လျင်လျင်မြန်မြန်ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်တွေနဲ့ လက်ရှိအခြေအနေ၊ စာသင်ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ချိန်မှာ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်တွေကို ကြိုတင်ဖြည့်ဆည်းပေးနေတဲ့ အခြေအနေ၊ ကိုဗစ်လှိုင်းတွေရဲ့ ရိုက်ခတ်မှုတွေကနေ သင်ခန်းစာရယူကာ ဆေးရုံတွေအားလုံးမှာ ကုသရေးအတွက် အမြဲကြိုတင်ပြင်ဆင်ရမယ့် အခြေအနေ၊ ဆေးဝါးအတုတွေ ဖြန့်ဖြူးရောင်းချတာ၊ ဈေးကစားတာတွေကို တားမြစ်နိုင်ခဲ့တဲ့အတွက် ပြည်သူတွေ ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်ခဲ့တဲ့ အခြေအနေ၊ အသက် (၆၅) နှစ်အထက် ပြည်သူတွေ၊ ပရဟိတအသင်းအဖွဲ့ဝင်တွေ၊ စက်ရုံ၊ အလုပ်ရုံ အလုပ်သမားတွေ၊ အကျဉ်းသူ၊ အကျဉ်းသားတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ ဒေသတွေ၊ တိုက်ပွဲရှောင်ဒေသတွေနဲ့ IDP camp တွေ စတဲ့အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံက ပြည်သူတွေအားလုံးကို ကာကွယ်ဆေးထိုးနှံပေးတာ၊ ကာကွယ်ဆေးထိုးနှံနိုင်ဖို့ စီစဉ်ဆောင်ရွက်တာတွေကိုလည်း အားရဖွယ်မြင်တွေ့ရပါတယ်။

ဩဂုတ်လ ၇ ရက်ကကျင်းပတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁၃/၂၀၂၁) အစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အကြမ်းဖက်မှုများလျော့ကျလာမှု၊ ပကတိအခြေအနေနဲ့ ကိုက်ညီတဲ့ ရှေ့လုပ်ငန်းစဉ်တွေနဲ့ ဦးတည်ချက်တွေ အကောင်အထည်ဖော်နေမှု၊ ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေး အခြေအနေ၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှုတွေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးကွာဟမှု၊ မြို့ပြကျေးလက်ကွာဟတာတွေ လျှော့ချပေးနိုင်မှု စတဲ့လူမှုစီးပွားဘဝတွေပြန်လည်ဦးမော့နိုင်ရေး အခြေအနေအရပ်ရပ်တို့ကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ကောင်စီအဖွဲ့ဝင်တွေက ပြန်လည်ဆွေးနွေးခဲ့ကြပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့အစည်းအဝေး (၁/၂၀၂၁)ကို ဩဂုတ်လ ၁၀ ရက်မှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိမ်စောင့်အစိုးရအဖြစ် ဩဂုတ်လ ၁ ရက်က စတင်ပြင်ဆင်ဖွဲ့စည်းခဲ့ကာ ဝန်ကြီးချုပ်အဖြစ် မိမိကတာဝန်ယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုးတက်ရာတိုးတက်ကြောင်း ကိစ္စရပ်တွေကို အားလုံးစုပေါင်းဆောင်ရွက်သွားကြဖို့ အမှာစကားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေကို အခြေခံပြီး အစိုးရအဖွဲ့အနေနဲ့ ပညာရေးမြင့်မားစေဖို့၊ သုတေသနကဏ္ဍဖွံ့ဖြိုးစေဖို့၊ တစ်ဦးချင်းဝင်ငွေရရှိမှုတိုးပွားစေဖို့နဲ့ စီးပွားရေးတောင့်တင်းခိုင်မာစေဖို့၊ စားနပ်ရိက္ခာဖူလုံပြီး စားအုံးဆီ၊ အထည်အလိပ် စတဲ့ပြည်ပ



ဩဂုတ် ၂၁ ရက်တွင် ကမာရွတ်မြို့နယ် ဗဟိုလမ်း နာနတ်တော စည်ပင်ရဲအိမ်ရာဝင်း၌ ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုဇွန် အမျိုးမျိုးတို့ကို ရွေ့လျားဈေးကားစနစ်ဖြင့် ရောင်းချနေမှုကို တွေ့ရစဉ်။

တင်သွင်းမှုတွေ လျှော့ချနိုင်စေဖို့၊ ပြည်တွင်းကနိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံတွေ ဖွံ့ဖြိုးအောင်မြင်စေဖို့၊ ကျန်းမာကြံ့ခိုင်စေဖို့ စတာတွေကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ရွေးကောက်ပွဲ မတိုင်မီ နိုင်ငံသားတိုင်း မှတ်ပုံတင်ရရှိရေး၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ ပညာပေးအစီအစဉ်တွေ ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ဝန်ကြီးချုပ်က ဦးဆောင်ဆွေးနွေးခဲ့တာကို မြင်တွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နေပြည်တော်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ဩဂုတ်လ ၁၇ ရက်က တက်ရောက်ခဲ့ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေက မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ လူသားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်မယ့် ဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်း၊ ကောလိပ်နဲ့ တက္ကသိုလ်တွေ ဖွင့်လှစ်နိုင်စေဖို့၊ စက်မှုလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးလာစေဖို့နဲ့ မြို့တော်စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရေးအစရှိတဲ့ သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းစိုပြည်တဲ့ မြို့တော်တစ်ခုဖြစ်လာစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းအဖြေရှာခဲ့ကြပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ (၁၄/၂၀၂၁) အစည်းအဝေးကို ဩဂုတ်လ ၂၃ ရက်က ကျင်းပခဲ့ရာမှာလည်း ကိုဗစ်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံတွေ၊ ကပ်ရောဂါကြောင့် ကျဆင်းသွားခဲ့ရတဲ့ စီးပွားရေးပြန်လည်ဦးမော့လာစေရေး အစီအမံတွေ၊ ကာကွယ်ဆေးထိုးနှံတဲ့အခြေအနေတွေထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ အားလုံးပါဝင်ပြီး အချိုးကျကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ဆန္ဒ အလေးထားနိုင်ဖို့အတွက် PR စနစ်နဲ့ ကျင့်သုံးဆောင်ရွက်နိုင်ဖို့ အလေးထားစဉ်းစားလျက်ရှိကြောင်း အပါအဝင်၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ၊ ဒီမိုကရေစီစံနှုန်းဆိုင်ရာ အကြောင်းအရာတွေကို ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီရဲ့ အစည်းအဝေးအမှတ် (၄/၂၀၂၁)ကို ဩဂုတ်လ ၃၁ ရက်က ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ကော်မတီဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာမှာ နယ်စပ်ကုန်သွယ်ရေးစခန်းတွေရဲ့ လုံခြုံရေးဆိုင်ရာတွေ စနစ်တကျရှိစေဖို့နဲ့ သစ်တောမြေတွေစနစ်တကျ အသုံးပြုနိုင်ဖို့၊ စိုက်ပျိုးမြေတွေကိုလည်း အခြားကိစ္စရပ်တွေမှာ အသုံးမပြုစေဖို့၊ မြို့ရွာစီမံခန့်ခွဲရေးတွေမှာ ရေရှည်အတွက် စဉ်းစားစီမံဆောင်ရွက်ဖို့၊ နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သင့်တဲ့ ကိစ္စရပ်တွေနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွေကို ဆောင်ရွက်ကြဖို့ အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့ပါတယ်။

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လတာကာလ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနဲ့ ခြောက်လတာကာလ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေရဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်း တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများသို့ ဩဂုတ်လ ၂၄ ရက်က တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးအတွင်း ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးဦးစားပေးကာလတွေဖြစ်တဲ့အားလျော်စွာ မဖြစ်မနေသုံးစွဲရမယ့်အခြေအနေတွေကြောင့် ပြည်ထောင်စုဝန်ကြီးဌာနတွေအနေနဲ့ အသုံးစရိတ်တွေကို အတတ်နိုင်ဆုံး စိစစ်သုံးစွဲရေး၊ ပြည်သူလူထုတိုက်ရိုက်အကျိုးဖြစ်ထွန်းစေမယ့်ကဏ္ဍတွေကို အလေးပေးဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားခဲ့ပါတယ်။

## အာဆီယံ၊ မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံမှုအားကောင်းတဲ့ကာလ

နိုင်ငံတကာမျက်နှာစာနဲ့ ထိတွေ့ဆက်ဆံမှုတွေမှာ မြန်မာနိုင်ငံအနေနဲ့ ဩဂုတ်လအတွင်း ပိုမိုအားကောင်းလာခဲ့ပြီး အာဆီယံအပါအဝင် မိတ်ဖက်နိုင်ငံတွေနဲ့ ဆက်ဆံရေးပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဩဂုတ်လ ၈ ရက် (၅၄)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့မှာ ပြည်သူတွေထံကို သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့ပါတယ်။ အဲဒီသဝဏ်လွှာမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အာဆီယံရဲ့ စုပေါင်းအင်အားနဲ့ ကိုဗစ် – ၁၉ ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားဖို့အတွက် ယုံကြည်မှုရှိပြီး တာဝန်ယူမှုရှိတဲ့ အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ယခုနှစ် အာဆီယံ ဆောင်ပုဒ် “သာယာဝပြောသော အာဆီယံသို့အပြန်အလှန်ဖေးမကူညီမှုဖြင့် အတူတကွပြင်ဆင် ဆောင်ရွက်ကြပါစို့”နဲ့အညီ ဆောင်ရွက်နေကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံက အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးတွေမှာ လက်တွဲသွားဖို့ခိုင်မာစွာ သန္နိဋ္ဌာန်ချထားကြောင်းနဲ့ အားလုံးက တက်တက်ကြွကြွ ပူးပေါင်းကြဖို့ တိုက်တွန်းထားခဲ့ပါတယ်။

(၅၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေဖြစ်တဲ့ (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံရေး၊ လုံခြုံရေးနဲ့ အသိုက်အဝန်းကောင်စီအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနဲ့ အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များတွေ့ဆုံပွဲ၊ (၂၉) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေး၊ အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ရေးဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးများကို ဩဂုတ်လ ၂ ရက်မှာ ကျင်းပခဲ့သလို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး(၂)ကို သဘောတူလက်ခံကြောင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါတယ်။ ဩဂုတ်လ ၃ ရက် အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေအကြား သီးသန့်ပြုလုပ်တဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အခမ်းအနားတွေကို ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ တာဝန်ရှိသူတွေက အသီးသီးတက်ရောက်ခဲ့ပါတယ်။

ဩဂုတ်လ ၃ ရက်ကကျင်းပတဲ့ ဒုတိယအကြိမ်မြောက် မဲခေါင် – အမေရိကန်မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဝန်ကြီးများ အစည်းအဝေးမှာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာမှာ အမေရိကန်နိုင်ငံက မဲခေါင်နိုင်ငံတွေကို ကိုဗစ်–၁၉ဆိုင်ရာ ကူညီထောက်ပံ့မှုတွေအတွက် ကျေးဇူးတင်အသိအမှတ်ပြုတဲ့အပြင် မြန်မာပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ဖို့အတွက် ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေးအပါအဝင် အခြားထောက်ပံ့မှုတွေကို ပိုမိုပေးအပ်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဖွံ့ဖြိုးမှုအစီအစဉ်တွေများစွာပါဝင်တဲ့ မဲခေါင်–အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုရဲ့လုပ်ငန်းအစီအစဉ် (၂၀၂၁–၂၀၂၃) ထုတ်ပြန်ခဲ့တဲ့အပေါ် ကြိုဆိုခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဦးဆောင်တဲ့အဖွဲ့ဝင်တွေက ဩဂုတ်လ ၄ ရက်က အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေအကြား သီးခြားကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးများရဲ့ အစည်းအဝေးတွေ၊ အရှေ့အာရှထိပ်သီးအစည်းအဝေးတွေကို တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး အာဆီယံအပေါ်ထားရှိတဲ့ မြန်မာနိုင်ငံရဲ့ သဘောထားလေးနက်မှုကို ထင်ရှားစွာ ပြသနိုင်ခဲ့ပါတယ်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးက အာဆီယံ–ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ ပူးတွဲသဘာပတိအဖြစ်တာဝန်ယူခဲ့ပြီး အာဆီယံ – နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွေကိုလည်း ဩဂုတ်လပထမပတ်အတွင်း တက်ရောက်ခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**✻ ဆည်ရေသောက်စနစ်မှ**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**အဆင့်မြှင့်တင်လျက်ရှိ**

စိုက်ပျိုးရေများ ပေးဝေရာတွင် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင်ပြုပြင်ခြင်းဖြင့် စိုက်ပျိုးရေများ အလေအလွင့်မရှိဘဲ လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်ပေးဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ နိုင်ငံတကာအကူအညီများ ရယူ၍လည်းကောင်း တည်ဆောက်ပြီး နှစ်ကာလကြာမြင့်သည့် ဆည်ရေသောက်စနစ်များကို ဦးစားပေးအလိုက် အဆင့်မြှင့်တင်လျက်ရှိသည်။

ပဲခူးအနောက်ဘက်ခြမ်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အဆိုပါ ရေသောက်စနစ်များတွင်ပါဝင်သည့် စိုက်ပျိုးမြေဧက နှစ်သိန်းကျော်ကို စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ခဲ့ပြီဖြစ်သည်။

**ဆောင်ရွက်ဆဲ**

ထို့အတူဂျပန်နိုင်ငံ ODA ချေးငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိသဖန်းဆိပ်ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများသည် ဆောင်ရွက်ဆဲဖြစ်ပြီး လုပ်ငန်းပြီးစီးပါက မူလဆည်ရေသောက်ဧရိယာ ငါးသိန်းခန့်ကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေကာ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေဆဲဖြစ်သည့် ဖြူးနှင့် မဒန်းဆည်ရေသောက်စနစ်များ ပြီးစီးပါက လယ်မြေဧက ခုနစ်သောင်းကျော် အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် တောင်သူများ၏ လယ်မြေဧက ရှစ်သောင်းကျော်ကိုအကျိုးပြုမည့် ဆင်သေ၊ ဆွာချောင်း၊ မာလဲနတ်တောင်၊ မြောက်ယမားရေလှောင်တမံ၊ ငလိုက်ရေလှောင်တမံ၊ ဇီးတောရေလွှဲဆည်၊ ဘောနီရေလှောင်တမံ၊ သဲကောရေလှောင်တမံ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကာလတိုငါးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်ရန် လျာထားသည့် လယ်မြေဧက ခုနစ်သိန်းကျော်ကို အကျိုးပြုစေနိုင်မည့် ရေခေါ်မြောင်းတူးဖော်ပေးခြင်း၊ ရေလွှဲဆည်၊ ရေတံခါးများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းပေါင်း ၄၃၆ ခုကိုလည်း ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးဆည်တာတမံများမှ စိုက်ပျိုးရေပေးဝေရာတွင် ကွက်ဆင့်သောက်စနစ်ကို အသုံးပြုနေခြင်းကြောင့် ရေခွဲဝေမှုစနစ်မကျခြင်းဖြစ်ပေါ်၍ ရေလေလွင့်ဆုံးရှုံးမှုများပြားခြင်း၊ လယ်သမားအချင်းချင်း ပြဿနာဖြစ်ပွားခြင်းစသည့် အခက်အခဲများရှိနေသည်။ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် စနစ်ကျလယ်ယာမြေများဖော်ထုတ်ရေး၊ လယ်ကြားမြောင်းများဖောက်လုပ်၍ ရေရယူ သုံးစွဲရေးတို့ကို ဆောင်ရွက်နိုင်ရန် ရေအသုံးချသူအသင်း/အဖွဲ့များက ဖွဲ့စည်းကာ စည်းရုံးဆောင်ရွက်လျက်ရှိသည်။

**ဖွဲ့စည်းထား**

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနည်းပါးလာခြင်းကြောင့် စိုက်ပျိုးရေပေးဝေမှုလျော့နည်းခြင်း မဖြစ်စေရန်၊ ရေစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းလာစေရန် ရေအသုံးချသူများအသင်း (Water User Association) ရှစ်သင်းနှင့် တောင်သူလယ်သမား ၂၃၉၃၁၄ ဦးပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (Water User Group) ၈၂၈၉ ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေးကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

လယ်ယာမြေများရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ချောင်းကောမြောင်းကော ရေနုတ်မြောင်းတူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာနှင့် ရေငန်တားတာများ ကြံ့ခိုင်မှုရှိစေရေးလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများ သုံးစွဲကာ နှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအချိန်အထိ ဌာနအနေဖြင့် လယ်ယာမြေဧက ၂၆ သိန်းကျော်ကို ရေဘေးကာကွယ်ပေးနိုင်သည့် ရေဘေးကာကွယ်ရေးတာနှင့် ရေငန်တားတာပေါင်း ၂၂၁ ခု၊ အလျားမိုင်ပေါင်း ၂၄၆၆ မိုင်ခန့်ကို တည်ဆောက်ထားရှိပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။


ဒုဋ္ဌဝတီ(ထီးတော်မိုး)မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

**အချိန်မီပြုပြင်လျက်ရှိ**

ထို့ပြင် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် အောက်ဘက်ရှိမြို့ပြကျေးရွာများ အန္တရာယ်ကင်းစေရန်အတွက်(Dam Safety)လုပ်ငန်းစဉ်များကို စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ကြံ့ခိုင်မှုစစ်ဆေးခြင်းကိုလည်း နေ့စဉ်၊ အပတ်စဉ် ပုံမှန်စစ်ဆေးမှုများဖြင့် ပြုလုပ်လျက်ရှိသည်။ နှစ်စဉ် မိုးရာသီမတိုင်မီ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ လေးဖွဲ့ဖြင့် အရေးကြီးသော ရေလှောင်တမံများကို ဦးစားပေးအလိုက် ကွင်းဆင်းစစ်ဆေးကာ အားနည်းချက်ရှိသည့်နေရာများရှာဖွေဖော်ထုတ်ပြီး ကြံ့ခိုင်မှုရှိစေရန် အချိန်မီပြုပြင်လျက်ရှိသည်။

မိုးရာသီကာလ ရေဘေးကာကွယ်ရေးတာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပတ်သက်သည့် သရုပ်ပြပွဲများကို နှစ်စဉ်ပြုလုပ်၍ ပြည်သူထံအသိပညာပေးလျက်ရှိသည်။ ဇွန်လပထမပတ်မှစတင်ပြီး အရေးပေါ်ပစ္စည်းများစုဆောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သကဲ့သို့ အကယ်၍ မြစ်ရေကြီးမှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီသိရှိရန် ၂၄ နာရီ ကင်းလှည့်စောင့်ကြည့်မည့်အစီအမံများကို ဆောင်ရွက်ထားသည်။

ရေကင်းတဲများကို တာမိုင် လေးမိုင်တွင် တစ်လုံး တည်ဆောက်ထားရှိကာ စောင့်ကြည့်သွားမည်ဖြစ်သလို စိုးရိမ်ရေမှတ်ရောက်သည်နှင့် တာမိုင်နှစ်မိုင်တွင် ကင်းတဲတစ်လုံးစီ ထပ်မံထည့်သွင်းတည်ဆောက်၍ အချိန်ပြည့်ကင်းလှည့်စောင့်ကြည့်ပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

**ရေးဆွဲထားရှိ**

ဆည်တာတမံများကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး တစ်ဖက်ကလည်း တမံအောက်ဘက်ဒေသများတွင် တမံရေကြီးမှုကြုံတွေ့လာပါက ဒေသနေပြည်သူများကို ဘေးအန္တရာယ် ကင်းရှင်းသည့် ရေလွတ်နေရာများသို့ ရှာဖွေပို့ဆောင်ပေးနိုင်သည့် Flood Hazard Map များကို တောင်နဝင်း၊ ကညင်၊ မမြ၊ သုံးဆယ်၊ မုက္ခာ၊ ဆွာချောင်း၊ ဘောနီ၊ သဲကော၊ မာလဲနတ်တောင်၊ မြောက်ယမား၊ ဆင်သေနှင့် ငလိုက်စသည့် ရေလှောင်တမံ ၁၂ ခုတွင် ရေးဆွဲထားရှိပြီးဖြစ်သည်။

တမံအောက်ဘက်ဒေသများ ဘေးအန္တရာယ်ကြုံတွေ့ပါက အလျင်မြန်ဆုံး ဘေးလွတ်ရာသို့ စီမံဆောင်ရွက်ပေးနိုင်မည့် အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုစီမံချက်ကိုလည်း ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေးတာတစ်ခုချင်းအလိုက် ရေးဆွဲထားပြီး လိုက်နာဆောင်ရွက်လျက်ရှိသည်။

“အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်အရ အရေးပေါ်အခြေအနေ အဆင့်သုံးဆင့် သတ်မှတ်ထားပြီးတော့ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင် အလံတွေကို ရေလှောင်တမံ၊ ရေဘေးကာကွယ်ရေးတာတွေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေမှာ စိုက်ထူပြီးတော့ ပြည်သူတွေကို အသိပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်။ အဓိကက အရေးပေါ်အခြေအနေဖြစ်ပေါ်မယ်ဆိုရင် လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်တတ်ဖို့၊ ထိခိုက်မှုအနည်းဆုံးဖြစ်ဖို့အထိ ဆက်သွယ်ရေးလမ်းကြောင်းကအစ သက်ဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေ အထိပါအောင် ရေးဆွဲထားတယ်။ ဒါတွေကို ပြည်သူတွေသိအောင်၊ ပါဝင်ဆောင်ရွက်တတ်အောင် အသိပညာပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ရှင်းပြသည်။

ရေလှောင်တမံများ၏ လျှင်ဒဏ်ခံနိုင်ရည်ရှိမှုကို ယနေ့ခေတ်အခြေအနေနှင့် ကိုက်ညီသည့်အချက်အလက်များကို အသုံးပြုကာ ခေတ်မီနည်းပညာဖြင့် ပြန်လည်တွက်ချက်ပြီး ကြံ့ခိုင်မှုအားဖြည့်ဆောင်ရွက်ခြင်းများကို ရဲနွယ်တမံနှင့် မုန်းတမံတို့တွင် ကနဦးစတင်နိုင်ရန် စီမံဆောင်ရွက်နေပြီဖြစ်သည်။

ရာသီဥတု ထူးကဲစွာပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုနည်းပါးပြီး ဆည်အတွင်း ရေဝင်နည်းပါး၍ စိုက်ပျိုးရေမလုံလောက်မှုများ ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေကိုအကျိုးရှိထိရောက်စွာ ပေးဝေနိုင်ရန်၊ အလေအလွင့်နည်းပါးစေရန် ဆည်


မြောက်ယမားဆည်ရေသောက်စနစ်ကို တွေ့ရစဉ်။

ရေသောက်ဧရိယာများတွင် ဆည်ရေပေးဝေမှုတိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနစီမံကိန်းကို ရှေ့ပြေးဧရိယာများ (Pilot Areas) သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ယခု ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ဆည်ရေပေးဝေမှုတိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနလုပ်ငန်း စီမံကိန်းများအနေဖြင့် နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ ဆည်ရေသောက်စနစ် ၁၂ ခုတွင် ကွက်ဆင့်သောက်လယ်မြေ ဧက ၆၉၀၀ အား (Topographic Survey)တိုင်းတာခြင်း၊ ကွင်းမြေပုံထုတ်ခြင်း၊ ပုံစံထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။


**လျာထားဆောင်ရွက်လျက်ရှိ**

ပေါင်းလောင်း၊ ချောင်းမငယ်၊ မဲဇလီဆည်၊ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးနှင့် မြောက်နဝင်းဆည်ရေသောက် ငါးခုရှိရှေ့ပြေးဧရိယာ ၂၁၇၁ ဧကအတွင်း တူးမြောင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ လယ်ကြားရေပေးမြောင်းများတူးဖော်ခြင်း၊ ရေထုတ်ပေါက်ရေတံခါးများ တပ်ဆင်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆည်တာတမံများကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေသောက်စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ရေစီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ တောင်သူများအတွက် မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ မြို့ရွာများနှင့် စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှုမရှိစေရေးအတွက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကိုလိုအပ်ချက်အလိုက် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရင်းဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်သူတို့၏ အကျိုးစီးပွား၊ ဒေသခံတောင်သူများ၏ အကျိုးစီးပွားကို ကြိုးစားဖော်ဆောင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

ရွှေယွန်းစံ

# အမေရိကန်နိုင်ငံ၌ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်၏ နှစ် ၂၀ ပြည့် အောက်မေ့သတိရဖွယ်အခမ်းအနား ကျင်းပ





**ဝါရှင်တန် စက်တင်ဘာ ၁၁**
အမေရိကန်နိုင်ငံ၌ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်၏ နှစ် ၂၀ ပြည့် အောက်မေ့သတိရဖွယ် အခမ်းအနားကို ယနေ့ကျင်းပသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့ လေယာဉ်ပြန်ပေးဆွဲသူများ မောင်းနှင်လာသည့် လေယာဉ်နှစ်စင်းသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံအား ဝင်ရောက်တိုက်ပစ်ခဲ့ပြီး တတိယမြောက် လေယာဉ်တစ်စင်းသည် ဝါရှင်တန်မြို့အနီးရှိ ပင်တဂွန်စစ်ဌာနချုပ်အား ဝင်ရောက်တိုက်ပစ်ခဲ့သည်။ ထို့ပြင် စတုတ္ထမြောက် လေယာဉ်တစ်စင်းသည် ပန်ဆယ်ဗေးနီးယားပြည်နယ်ရှိ လယ်ကွင်းတစ်ခုအတွင်း ပျက်ကျသွားခဲ့သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများတွင် ၃၀၀၀ နီးပါး သေဆုံးခဲ့ရသည်။

ယနေ့ နံနက် ၈ နာရီခွဲတွင် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်၏ နှစ် ၂၀ ပြည့် အောက်မေ့သတိရဖွယ်အခမ်းအနားကို ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံနေရာ၌ စတင်ခဲ့သည်။

အခမ်းအနားသို့ သမ္မတ ဂျိုးဘိုင်ဒင်နှင့် သေဆုံးသွားသူများ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

သမ္မတ ဂျိုးဘိုင်ဒင်က အမျိုးသားစည်းလုံးညီညွတ်မှုရှိစေရန်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အခမ်းအနားသို့တက်ရောက်လာကြသူများက အကြမ်းဖက်တိုက်ခိုက်ခံရမှုများကို အောက်မေ့သတိရသည့်အနေဖြင့် နံနက်ခင်းပိုင်း တစ်ပိုင်းလုံးတွင် တစ်မိနစ်ခန့် ငြိမ်သက်မှုကို ခြောက်ကြိမ်ခန့် ပြုလုပ်ခဲ့ကြသည်။ အဆိုပါအကြမ်းဖက်မှုများတွင် သေဆုံးသွားသူ တစ်ဦးချင်းစီ၏ နာမည်များကို ဖတ်ကြားခဲ့သည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုများသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်စေခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများပြီးနောက် သမ္မတ ဟောင်းဂျော့ဒဗလျူဘုရ်ှက အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးများ စတင်ခဲ့သည်။

လွန်ခဲ့သောလတွင် သမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန်တပ်ဖွဲ့များအား အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်လည်ဆုတ်ခွာရန် ညွှန်ကြားခဲ့သည်။ အမေရိက၏ အချိန်အကြာဆုံးစစ်ပွဲအဖြစ် သတ်မှတ်ခံထားရသည့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးဆင်နွှဲမှုများသည် လက်ရှိတွင် အဆုံးသတ်သွားပြီဖြစ်သည်။ သို့သော် အမေရိကန်ပြည်သူများအကြား သမ္မတ ဂျိုးဘိုင်ဒင်၏ ဆုံးဖြတ်ချက်အပေါ် သဘောထားကွဲလွဲမှုများ ယခုထက်တိုင် ရှိနေဆဲဖြစ်သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ လေကြောင်းပြေးဆွဲမှု ပြန်လည်စတင်မည်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၁**
ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်း(ပီအိုင်အေ) သည် အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးလ်သို့ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲမှုကို စက်တင်ဘာ ၁၃ ရက်တွင် စတင်မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက ယနေ့တွင် ပြောကြားသည်။

စက်တင်ဘာ ၁၃ ရက်တွင် ပါကစ္စတန်နိုင်ငံ၏ မြို့တော် အစ္စလာမ္မာဘတ်မှ အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးလ်သို့ လေကြောင်းပြေးဆွဲမှု ပြန်လည်စတင်ခွင့်ကို အာဖဂန်နစ္စတန်နိုင်ငံ မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် အာရှက်မာလစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံသို့ လေကြောင်းပျံသန်းပြေးဆွဲမှုအတွက် နည်းပညာဆိုင်ရာဆောင်ရွက်မှု အားလုံးကိုလည်း လုပ်ဆောင်ထားပြီးဖြစ်ကြောင်းနှင့် အဲဘတ်စ် အေ ၃၂၀ ဂျက်လေယာဉ်သည် အစ္စလာမ္မာဘတ်မှ ကဘူးလ်သို့ ခရီးသည်များကို ကနဦးပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်း၏ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလာဟာဖိဇ်ခန်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းသည် ကဘူးလ်သို့ လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲမှုကို ပြီးခဲ့သည့်လနောက်ပိုင်းမှစတင်ကာ ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၅၄ ဦးရှိ

**တီဟီရန် စက်တင်ဘာ ၁၁**
အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၅၄ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၂၇၅၅၆၇ ဦးရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်မှ တစ်ဆင့် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၄၄ ဦးရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၁၃၈၂၄ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၅၃၈၄၁၉ ဦးရှိကြောင်းနှင့် ၇၃၄၇ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက ဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်မှ တစ်ဆင့် ပြောကြားသည်။

အီရန်နိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၂၂၁၄၉၁၈၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၁၁၇၇၇၈၉၆ ဦး ရှိကြောင်း သိရသည်။

အီရန်နိုင်ငံသည် မကြာသေးသည့် ရက်ပိုင်းအတွင်းကတည်းက ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရကြောင်း အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**





# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၁၉၁ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် စက်တင်ဘာ ၁၁**
ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၁၉၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁ ဒသမ ၃၆ သန်း ရှိလာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံကွပ်ကဲရေးစင်တာက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၅၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၁၇၃ ဦးရှိလာသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၃၆၄ ဦးသည် မြို့တော်ဗန်ကောက်မှဖြစ်သည်။ နိုင်ငံအတွင်းရှိမြို့များအနက် မြို့တော်ဗန်ကောက်သည် ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၃၉ ဒသမ ၆၃ သန်း ထိုးနှံပေးပြီးဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၁၇ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကုန်ပိုင်းအထိ နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးရန် အစိုးရက စီစဉ်ထားသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တောင်အာဖရိကနိုင်ငံ၌ အသက် ၁၂ နှစ်အောက်လူငယ်များအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်

**ဂျိုဟန်နက်စဘတ် စက်တင်ဘာ ၁၁**

တောင်အာဖရိကနိုင်ငံ ကျန်းမာရေး အာဏာပိုင်များက Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့်အထက်အရွယ် လူငယ်များအား ထိုးနှံပေးရန် ယနေ့အတည်ပြုခဲ့ကြောင်း သိရသည်။

တောင်အာဖရိကအစိုးရက လူငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် ကြိုးပမ်းလျက်ရှိစဉ် ကျန်းမာရေးအာဏာပိုင်များက Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။

အသက် ၁၂ နှစ်နှင့်အထက် လူငယ်များအား ကာကွယ်ဆေးထိုးနှံရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုရန် အဆိုပါဆေးဝါးကုမ္ပဏီက ယခုနှစ်မတ်လကတည်းက ဆေးဝါး အတည်ပြုချက်ရရှိရန် တောင်အာဖရိက ကျန်းမာရေး အာဏာပိုင်များထံသို့ လျှောက်လွှာတင်သွင်းခဲ့သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်ကို လွန်ခဲ့သောလအနည်းငယ် အကြာတွင်စတင်ခဲ့သော်လည်း လက်ရှိအချိန်တွင် လူဦးရေသန်း ၆၀ ကျော်ရှိသည့် အနက် ၁၂ ရာခိုင်နှုန်းကျော်အား ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူ အရေအတွက်သည် အာဖရိကဒေသတွင်းရှိ နိုင်ငံများအနက် အများဆုံး ဖြစ်သည်။

လက်ရှိအချိန်တွင် တောင်အာဖရိက အစိုးရကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံမှုခံယူရန် ပြည်သူများအား တိုက်တွန်းလျက်ရှိသည်။

တောင်အာဖရိကနိုင်ငံ၌ လူငယ် လူဦးရေများပြားပြီး အသက် ၁၅ နှစ်အောက်လူငယ်ဦးရေသည် နိုင်ငံလူဦးရေ၏ ၂၈ ရာခိုင်နှုန်းခန့်ရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများက Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပါအဝင် အခြားသောကာကွယ်ဆေးများကို အသုံးပြုပြီး ဆယ်ကျော်သက်အရွယ် လူငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကုမ္ပဏီက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် ထိရောက်မှုရှိ မရှိနှင့်ပတ်သက်ပြီး လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။




**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဆီနီဂေါ်နိုင်ငံက ဆရာများနှင့် ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

**ဒါကာ စက်တင်ဘာ ၁၁**

ဆီနီဂေါ်နိုင်ငံသည် မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများထံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လက်ခံရရှိခဲ့ပြီးနောက် ဆီနီဂေါ်ကျန်းမာရေးအာဏာပိုင် အဖွဲ့အစည်းများက ကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်မည့် အောက်တိုဘာလမတိုင်မီ ကာလအတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိကြောင်း ဆီနီဂေါ်ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ဒီအော့ဖ်ဆာက စက်တင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လှူဒါန်းမှုများကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းမဟာဗျူဟာကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ဆီနီဂေါ်နိုင်ငံအတွင်းရှိ ဒေသအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလက်ခံရရှိမည်ဖြစ်ကြောင်း ဆီနီဂေါ်ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ဒီအော့ဖ်ဆာက ပြောကြားသည်။

ဆီနီဂေါ်ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး၏ ပြောကြားချက်အရ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းသားများအတွက် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးနိုင်ရန်အတွက် တက္ကသိုလ်များ၊ ပညာရေး စင်တာများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီနီဂေါ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၃၃၉၁ ဦးရှိကြောင်း၊ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၆၆၀၁၅ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၁ ဒသမ ၂ သန်း နီးပါးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၅၆၂ ဦးရှိ

**အန်ကာရာ စက်တင်ဘာ ၁၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၅၆၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆၆၁၃၉၇၆ ဦးရှိလာကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၄ ဦး ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၉၃၈၄ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၅၀၈၃ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ် အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၅၁ ဒသမ ၂၃ သန်းကျော်ရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူ ၃၉ ဒသမ ၉၆ သန်းကျော်ရှိကြောင်းနှင့် ကာကွယ်ဆေးအလုံးရေ ၁၀၁ ဒသမ ၀၄ သန်းကျော်အား အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၃၂၁ ဦး တွေ့ရှိ

**ဟနွိုင်း စက်တင်ဘာ ၁၁**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၃၂၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၈၉၄၁၇ ဦးရှိပြီး သေဆုံးသူပေါင်း ၁၄၇၄၅ ဦးရှိကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၃၃၀၆ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၅ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၇၅၃၉ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၃၅၆၃ ဦး နှင့် ဒေါင်နန်ခရိုင်၌ ၈၂၃ ဦး တို့ကို အသီးသီးတွေ့ရှိသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂၇၅၁ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၅၀၉၂၁ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၅ ဒသမ ၉ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။ ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက Hayat-Vax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပြုခဲ့သည်။ Hayat-Vax ကာကွယ်ဆေးကို တရုတ်နိုင်ငံတွင်ထုတ်လုပ်ပြီး အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတွင် ထုပ်ပိုးသည်။ အဆိုပါ ကာကွယ်ဆေးသည် နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ခွင့်ပြုခဲ့သည့် ခုနစ်ခုမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဖြစ်လာသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ရှစ်သန်းကျော်ရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၁၁**

အာဖရိကတိုက်၌ ယနေ့နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၈၀၀၈၈၀၂ ဦးရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၀၂၅၃၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၇၂၈၀၈၃၈ ဦးရှိလာကြောင်း သိရသည်။



တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုဒဏ်အများဆုံးခံခဲ့ရသည့် နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာ၏ ပြောကြားချက်အရ သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၈၄၈၉၂၅ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၈၉၉၅၈၁ ဦးရှိကြောင်း သိရသည်။ အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၉၉၁ ဦး ထပ်မံတွေ့ရှိ

**မော်စကို စက်တင်ဘာ ၁၁**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၉၉၁ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး သေဆုံးသူ ၇၉၆ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၁၂၁၅၁၆ ဦးရှိလာပြီး သေဆုံးသူပေါင်း ၁၉၁၉၆၁ ဦး ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၇၈၈၈ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၆၃၇၅၁၆၀ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၉၄၀ ထပ်မံတွေ့ရှိခဲ့ရာ မြို့တော်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၈၄၅၈၁ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၉ ဒသမ ၆ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၂၄၇၇၃၀၂၈ ဦး |
| သေဆုံးသူ | ၄၆၃၃၂၃၅ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၀၁၃၅၄၅၂၀ ဦး |



## အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၃၇၆ ဦးရှိ

**နယူးဒေလီ စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၃၇၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၃၂၀၈၃၃၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၈ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၂၃၁၇ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဒေသဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိဆဲလူနာ စုစုပေါင်း ၃၉၁၅၁၆ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၂၁၉၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၂၃၇၄၄၉၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၆၃၀၃ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၀၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၂၀၆၀၂၁ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၈၂၀ တွေ့ရှိခဲ့ပြီး နေ့စဉ်ကူးစက်မှု စံချိန်တင်ခဲ့သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၇၉ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၄၉၇၈ ဦးရှိလာသည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၈ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# စာပေအနုပညာကောင်းကင်တွင် အစဉ်တောက်ပနေမည့်ကြယ်တစ်ပွင့် သို့မဟုတ် ဆရာကြီးမင်းယုဝေ

## ကြည်ကြည်ဝင်း(စာပေဗိမာန်)


နိုင်ငံတော်အစိုးရသည် ၂၀၀၁ ခုနှစ်မှစတင်လျက် မိမိဘဝတာတစ်လျှောက်လုံး စာပေရေးသားခြင်း၊ စာပေသုတေသနပြုခြင်းလုပ်ငန်းများကို တစိုက်မတ်မတ်ပြုလုပ်လျက် မြန်မာစာပေဖွံ့ဖြိုးရေးကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်လျက်ရှိသည့် ပညာရှင်ကြီးများကို "အမျိုးသားစာပေ တစ်သက်တာဆု" အဖြစ် နှစ်စဉ်စာဆိုတော်နေ့တွင် ချီးမြှင့်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို မြန်မာစာပေလောကတွင် အယ်ဒီတာ၊ စာရေးဆရာ၊ ကဗျာဆရာကြီးတစ်ဦး အဖြစ် ထင်ရှားကျော်ကြားသည့် ဆရာကြီး ဦးဝင်းမောင် (မင်းယုဝေ)က ရရှိခဲ့ပါသည်။ ဆုချီးမြှင့်ခံရစဉ်က ဆရာကြီး၏ အသက်သည် ၈၃ နှစ်အရွယ် ဖြစ်ပါသည်။

**ဆရာကြီး၏ငယ်ဘဝနှင့် စာပေနှင့်နီးစပ်လာမှုများ**

ဆရာကြီးမင်းယုဝေကို ၁၉၂၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ အဖ ကုန်သည် ဦးထွန်းဆိုင်၊ အမိဒေါ်သင်တို့က ဖွားမြင်ခဲ့သည်။ မွေးချင်းရှစ်ယောက်ရှိသည့် အနက် အငယ်ဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးဝင်းမောင်ဖြစ်သည်။ အထက်တန်းကျောင်းသားဘဝတွင် ဝင်းမောင်ဆိုင်ဟု အမည်တွင်ခဲ့သည်။

အသက် ခုနစ်နှစ်အရွယ်တွင် မိဘများနှင့်အတူ ကန်ကြီးထောင့်မြို့မှ ပုသိမ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဆရာကြီးသည် စာဖတ်ခြင်း၊ စာရေးခြင်းတို့ကို ငယ်စဉ်မှစ၍ ဝါသနာပါခဲ့သည်။ အသက် ၁၄ နှစ်သားအရွယ်မှစ၍ အသင်းအဖွဲ့နှင့် ကျောင်းသားရေးရာ စာစောင်များတွင် စာပေများ စတင်ရေးသားခဲ့သည်။ အမျိုးသားကျောင်းဆရာ ဦးထွန်းရင် ဖွင့်လှစ်သော အထက်တန်းကျောင်းသားဘဝ၌ရှိစဉ် ဆရာဖြစ်သူ ဆရာကြီးဦးထွန်းရင်က ဆရာမင်းယုဝေ၏ စာပေဝါသနာကို မြေတောင်မြှောက်ပေးခဲ့သည်။ ခေတ်သစ်တန်းမြင့် ကျောင်းတွင် ခုနစ်တန်းမှ ကိုးတန်းအထိ ပညာသင်ကြားခွင့်ရရှိခဲ့သည်။ ကန်ကြီးထောင့်မြို့တွင် ကင်းထောက်လူငယ် လက်ရေးစာစောင်ထုတ်ဝေရာ ဆရာမင်းယုဝေသည် အယ်ဒီတာအဖြစ် လုပ်ဆောင်ခွင့်ရခဲ့သည်။ ယင်းစာစောင်တွင် ကာတွန်းအောင်ရှိန်ဖြစ်လာမည့် ကိုအောင်ရှိန်သည်လည်း ကာတွန်းရုပ်ပြများ ရေးဆွဲခဲ့သည်။ ဆရာကြီးမင်းယုဝေနှင့် ဆရာကာတွန်းအောင်ရှိန်သည် ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြသည်။ ထိုစဉ်က ဆရာကြီးမင်းယုဝေ၏ ကလောင်အမည်များမှာ ဂါမဏိ၊ နေဝင်းဝဏ်၊ ဝင်းမောင်ဆိုင်၊ ပုသိမ်ဖိုးကျားတို့ဖြစ်သည်။ ကျောင်းတွင်ပြုလုပ်သော စာပေပြိုင်ပွဲများ၌ ဝင်ရာက်ယှဉ်ပြိုင်ရာ ဆုများရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄ ခုနှစ် အသက် ၁၆ နှစ်အရွယ် အဋ္ဌမတန်းတွင် ပညာသင်ဆဲ၌ အာရှလူငယ်ကင်းထောက်လုလင် အဖွဲ့ဝင်ဖြစ်သည်။ ထိုစဉ်က ပုသိမ်ခရိုင် အာရှလူငယ်ညီလာခံကကျင်းပသည့် လူငယ်စာပေပြိုင်ပွဲ၌ "ပြုပြင်သွန်သင်ကြလော့" ဆောင်းပါးဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိပြီး ညီလာခံသို့လည်း တက်ရာက်ခွင့်ရရှိခဲ့ပါသည်။ ဆရာကြီးသည် ခေတ်စမ်းကဗျာစာအုပ်နှင့် အခြားကဗျာများကို စံနမူနာယူကာ ခုနစ်တန်း အရွယ်ကတည်းကပင် ကဗျာများ စတင်ရေးသားခဲ့သည်။ ထို့နောက် စစ်ပြီးခေတ် အမျိုးသားကျောင်း ၁၀တန်း၌ ပညာဆည်းပူးစဉ် ပုသိမ်မြို့ရှေ့နေကြီး ဦးပုက ဆရာ မင်းယုဝေအပါအဝင် မြန်မာစာဝါသနာရှင် ကျောင်းသားကျောင်းသူများအား မြန်မာကဗျာဖွဲ့နည်း သင်ကြားပေးသည်။ ၁၉၄၆ ခုနှစ်တွင် ပုသိမ်မြို့အမျိုးသား အထက်တန်းကျောင်းမှ အထက်တန်းအောင်မြင်ခဲ့သည်။







**တက္ကသိုလ်ကျောင်းသားဘဝ၌ စာပေလောကသို့ တစ်စတစ်စရောက်ရှိလာပုံ**

ဆရာမင်းယုဝေသည် တက္ကသိုလ်၌ ပညာဆည်းပူးစဉ် စာနယ်ဇင်းများ၌ စာများ၊ ကဗျာများ ရေးသားပေးပို့သည်။ ၁၉၄၈ ခုနှစ်တွင် ရှုမဝမဂ္ဂဇင်း၌ "မိခင်အသို့နေမည်နည်း" ကဗျာကို စတင်ဖော်ပြခြင်းခံရသည်။ တာရာမဂ္ဂဇင်း အတွဲ ၄၊ အမှတ် ၂၅ တွင် ပုံနှိပ်ဖော်ပြသော "နှုတ်ခမ်းနီ" ဝတ္ထုတိုသည် ဆရာကြီးမင်းယုဝေ၏ ပထမဆုံးဝတ္ထုတိုဖြစ်သည်။ ဆရာကြီးမင်းယုဝေသည် ရန်ကုန်တက္ကသိုလ်၌ ပညာဆည်းပူးစဉ် ဆရာကြီးဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်တို့နှင့် သိကျွမ်းရင်းနှီးကာ တပည့်ရင်းတစ်ဦးဖြစ်လာခဲ့သည်။ ဆရာကြီးမင်းသုဝဏ်၏ ကျေးဇူးကြောင့် ကဗျာလောကသို့ခြေချခွင့်ရခဲ့သဖြင့် ကလောင်အမည်ကို 'မင်းယုဝေ' ဟု ခံယူခဲ့သည်။ ခေတ်စမ်းကဗျာလောကတွင် ထင်ရှားကျော်ကြားသော ဆရာကြီးမင်းသုဝဏ်နှင့်ဆရာကြီးဇော်ဂျီတို့ကို အနီးကပ်တွေ့ဆုံ၍ မြန်မာစာဆည်းပူးခွင့်ရသောအခါ ကဗျာရေးဖွဲ့လိုမှုစိတ်ဓာတ်သည် ပိုမိုပြင်းထန်လာခဲ့သည်။ ၁၉၄၉ ခုနှစ် ဒုတိယနှစ် ဥပစာအတန်း၌ရှိစဉ် ထုတ်ဝေခဲ့သည့် "ဘဝမာယာကဗျာများ" စာအုပ်သည် ပထမဆုံး လုံးချင်းစာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် ဆရာမင်းသုဝဏ်က တည်းဖြတ်ပေးပြီး အမှာစာရေးပေးခဲ့သည်။ စာအုပ်ထွက်လာသောအခါ ဆရာဒဂုန်တာရာက တာရာမဂ္ဂဇင်းတွင် ဝေဖန်စာရေး၍ အားပေးခဲ့သည်။ ဆရာမ ငွေတာရီက ဟံသာဝတီ သတင်းစာမှတစ်ဆင့် ဝေဖန်ခဲ့သည်။ ထိုအချိန်မှစ၍ ဆရာကြီးမင်းယုဝေနှင့် ဆရာမငွေတာရီတို့ ခင်မင်ရင်းနှီးလာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဆရာမင်းယုဝေသည် ဆရာမ ငွေတာရီနှင့်တွဲဖက်၍ "ရတနာကဗျာ" စာအုပ်ကိုထုတ်ဝေခဲ့သည်။ ဟံသာဝတီစာအုပ်တိုက်က ထုတ်ဝေခဲ့သည်။ ထိုကဗျာစာအုပ်ကို ဆရာကြီးမင်းသုဝဏ်က တည်းဖြတ်ပေးပြီး ဆရာကြီးဇော်ဂျီက အမှာစာရေးပေးသည်။ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ ပါဠိစာပေတို့ဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ဆရာကြီးသည် ၁၉၅၂ ခုနှစ်တွင် ကဗျာဆရာမကြီး ငွေတာရီနှင့် လက်ထပ်ခဲ့ပြီး ဇနီးမောင်နှံတွဲဖက်၍လည်း စာအုပ်များထုတ်ဝေခဲ့သည်။


အမျိုးသားစာပေတစ်သက်တာဆုရှင်
ဆရာကြီးမင်းယုဝေ

**လုပ်ငန်းခွင် တစ်ဖြစ်လဲ စာပေလောကနယ်ပယ်**

ဆရာကြီးသည် ဘွဲ့ရရှိပြီးနောက် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်ရုံးတွင် အထက်တန်းဘာသာပြန်အရာရှိ၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၉ ခုနှစ်အတွင်း အင်းစိန်ခရိုင် ပညာအုပ်၊ စာပြု၊ စာပေဗိမာန်လက်ထောက်စာတည်း၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စသည်တို့တွင် လက်ထောက်စာတည်း အလုပ်တာဝန်တို့ကို ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ထိုသို့ လုပ်ကိုင်နေစဉ် ၁၉၅၅-၁၉၅၆ ခုနှစ်တွင် ဗြိတိသျှကောင်စီ ပညာသင်ဆုရရှိပြီး လန်ဒန်တက္ကသိုလ် အရှေ့တိုင်းဘာသာရပ်များလေ့လာရေးကျောင်းတွင် အဘိဓာန်နှင့် ဘာသာပြန်စာပေတို့ကို သွားရောက်ဆည်းပူးခဲ့ကြောင်း သိရပါသည်။ ၁၉၅၈ ခုနှစ်တွင် ဇနီးငွေတာရီ ကွယ်လွန်ခဲ့သည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် လက်ထောက်စာတည်းအလုပ်မှ နုတ်ထွက်ပြီး ၁၉၆၀ပြည့်နှစ် ဇူလိုင်လတွင် မာလာမြိုင်ပုံနှိပ်တိုက်ကို တည်ထောင်ကာ ငွေတာရီအထိမ်းအမှတ်အဖြစ် ငွေတာရီမဂ္ဂဇင်း၊ ငွေတာရီစာအုပ်များကို တည်းဖြတ်ထုတ်ဝေခဲ့သည်။ မြန်မာ့မဂ္ဂဇင်းလောကတွင် အအောင်မြင်ဆုံး မဂ္ဂဇင်းများအနက် မဂ္ဂဇင်းတစ်စောင်ဖြစ်ခဲ့သော ငွေတာရီမဂ္ဂဇင်းကို စောင်ရေနှစ်သောင်းခန့်အထိရောက်အောင် တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူကာ အောင်မြင်စွာ ထုတ်ဝေခဲ့သည်။

ငွေတာရီမဂ္ဂဇင်းသည် စာပေအရအောင်မြင်သော်လည်း ထိုစဉ်က စက္ကူဈေးကြီးမြင့်မှုကြောင့် စီးပွားရေးအရ မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် ငွေရေးကြေးရေး အခက်အခဲတွေ့ကာ ငွေတာရီမဂ္ဂဇင်းကို မြဝတီပုံနှိပ်တိုက်သို့ လွှဲပြောင်းခဲ့ရသည်။ သို့သော်လည်း ဆရာမင်းယုဝေကပင် ငွေတာရီမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငွေတာရီမဂ္ဂဇင်းအမှတ် ၁၀၀ သို့ ရောက်ရှိလာသောအချိန် ၁၉၆၈ ခုနှစ်တွင် မြဝတီစာပေတိုက်၏ အယ်ဒီတာချုပ်ဖြစ်လာကာ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ လူငယ်ဂျာနယ်၊ တေဇရုပ်စုံ၊ တို့ကျောင်းသားစာအုပ်များအပြင် မြဝတီစာစဉ်မှ လုံးချင်းစာအုပ်များကို တည်းဖြတ်ထုတ်ဝေခဲ့သည်။ ထိုအချိန်က မြဝတီစာပေတိုက်မှ ထုတ်ဝေသော စာအုပ်စာစောင်များမှာ စောင်ရေသောင်းချီ ပုံနှိပ်ခဲ့ရသည်။ မြဝတီစာပေတိုက်၌ အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်စဉ် စာပေဗိမာန်၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ကျောင်းသုံးစာအုပ် ကော်မတီဝင်၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၆ သို့ ■

**ဆရာကြီးမင်းယုဝေသည် ရန်ကုန်တက္ကသိုလ်၌ ပညာဆည်းပူးစဉ် ဆရာကြီးဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်နှင့် သိကျွမ်းရင်းနှီးကာ တပည့်ရင်းတစ်ဦးဖြစ်လာခဲ့သည်။ ဆရာကြီးမင်းသုဝဏ်၏ကျေးဇူးကြောင့် ကဗျာလောကသို့ ခြေချခွင့်ရခဲ့သဖြင့် ကလောင်အမည်ကို 'မင်းယုဝေ'ဟု ခံယူခဲ့သည်။ ခေတ်စမ်းကဗျာလောကတွင် ထင်ရှားကျော်ကြားသော ဆရာကြီးမင်းသုဝဏ်နှင့် ဆရာကြီးဇော်ဂျီတို့ကို အနီးကပ်တွေ့ဆုံ၍ မြန်မာစာဆည်းပူးခွင့်ရသောအခါ ကဗျာရေးဖွဲ့လိုမှုစိတ်ဓာတ်သည် ပိုမိုပြင်းထန်လာခဲ့**

■ စာမျက်နှာ ၁၅ မှ

### ဆရာမင်းယုဝေနှင့်ကလေးစာပေ

ဆရာကြီးသည် သူ၏သားနှင့်သမီး အပါအဝင် မြန်မာကလေးငယ်များကို ချစ်ခင်မြတ်နိုးသော စေတနာအရင်းခံ၍ ကလေးကဗျာများကို ကြိုးပမ်းဖွဲ့ဆိုလေ့ရှိပါသည်။ ဆရာကြီးသည် သူငယ်စဉ်ကလေးဘဝက ခံစားမိသောအကြောင်းအရာများကို ဦးစားပေးကာ ဖွဲ့ဆိုပါသည်။ အကြောင်းအရာ ကောင်းမွန်မှုသာမက ကလေးသူငယ်များ ဖတ်ရှုရလွယ်ကူအောင်လည်း အားထုတ်လေ့ရှိပါသည်။ ပုံနှိပ်ခြင်းမပြုမီ ယင်းကဗျာများအား ဆရာကြီးသည် သမီးနှင့်သားအား ဖတ်ရွတ်စေခဲ့ကြောင်း သိရှိရပါသည်။ မပြေပြစ်သော အသံကာရန်တို့ရှိပါက၊ မသိနားမလည်သော စကားဝေါဟာရများပါရှိပါက ပြန်လည်ပြင်ဆင်ပါသည်။ ခက်ခဲလွန်းသော အကြောင်းအရာများ ပါရှိပါကလည်း ပြန်လည်ပြင်ဆင်ပါသည်။ ထို့နောက်မှ ပုံနှိပ်ခြင်းပြုပါသည်။ ဆရာကြီးသည် ဤကဲ့သို့ ကလေးသူငယ်တို့အပေါ် စေတနာဖြင့် လုပ်ဆောင်ပေးခဲ့ပါသည်။

### အချိန်ပြည့်စာရေးဆရာ၊ အယ်ဒီတာဘဝ

၁၉၇၉ ခုနှစ်တွင် မြဝတီပုံနှိပ်တိုက်၏ အယ်ဒီတာချုပ်အဖြစ်မှ အငြိမ်းစားယူကာ အချိန်ပြည့် စာရေးဆရာအဖြစ် စာပေများရေးသားပြုစုခဲ့သည်။ ၁၉၈ဝ-၈၄ ခုနှစ်အထိ အံ့ဖွယ်သုတစာစောင်၊ မြစ်မခ စာပဒေသာ၊ မြစ်မခအင်္ဂလိပ်စာဥယျာဉ်တို့တွင် အယ်ဒီတာချုပ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၄ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သော မြတ်မင်္ဂလာဘာသာရေးစာစောင်၊ ၁၉၈၈ခုနှစ်မှ စတင်ထုတ်ဝေသော မင်္ဂလာမောင်မယ် ကျောင်းသားလူငယ်စာစောင်တို့ကို ရေးသားတည်းဖြတ်ထုတ်ဝေခဲ့သည်မှာ ကွယ်လွန်ချိန်အထိဖြစ်ပါသည်။


ဆရာကြီးသည် ခေတ်စမ်းစာပေ၏ ဒုတိယမျိုးဆက်ဟု ဆိုနိုင်သည့်အပြင် ကဗျာဆရာကြီး ဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်တို့၏ တပည့်ရင်းဖြစ်သည်။ ကဗျာဆရာများဖြစ်ကြသည့် ဂုဏ်ဝင်း၊ နောင်၊ ဗန်းမော်ညိုနွဲ့၊ ထွဏ်းနေနွယ်တို့နှင့် ခေတ်ပြိုင်ဖြစ်သည်။


ဆရာကြီးမင်းယုဝေသည် စာနယ်ဇင်းများတွင် စာမူများ၊ ကဗျာများ အဆက်မပြတ်ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၆ဝ ကျော် ရေးသားထုတ်ဝေခဲ့သည်။ ယင်းတို့တွင် ကဗျာစာအုပ်များ၊ စာပေဆိုင်ရာစာအုပ်များ၊ ခရီးသွားမှတ်တမ်းဆိုင်ရာ စာအုပ်များ စသည်တို့ပါဝင်သည်။ စာနယ်ဇင်းများတွင် ဖော်ပြခဲ့ပြီးသော ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ ဆောင်းပါး၊ ခေါင်းကြီး၊ ဘာသာပြန် စသည်တို့မှာ ပုဒ်ရေ ၂ဝဝဝ ကျော်ရှိခဲ့သည်။ ယင်းတို့အနက် ဆရာမကြီးငွေတာရီနှင့် တွဲဖက်ဘာသာပြန်ဆိုသော "အီစွတ်ပုံပြင်များ" စာအုပ်သည် ၁၉၅၄ ခုနှစ်အတွက် စာပေဗိမာန် ဘာသာပြန်စာပေဆုရရှိခဲ့သည်။ ကမ္ဘာကျော်အီစွတ်ပုံပြင်များစာအုပ်မှာ ခရစ်မပေါ်မီ အနှစ် ၆ဝဝ ခန့်က ဂရိနိုင်ငံတွင် ထင်ရှားခဲ့သော အီစွတ်ပုံပြင်များကို ပြန်ဆိုထားသည့်စာအုပ်ဖြစ်သည်။ ပုံပြင်များ၏ အဓိကဇာတ်ကောင်များမှာ တိရစ္ဆာန်များဖြစ်သော်လည်း လူတို့အတွက် သင်ခန်းစာပေးထားသော ပုံပြင်များဖြစ်ကြသည်။ ၁၉၇၂ ခုနှစ်တွင်ထုတ်ဝေသော "ရေခပ်ချိန်ကဗျာများ" စာအုပ်သည် ၁၉၇၂ ခုနှစ်အတွက် အမျိုးသားစာပေ (ကဗျာဆု) ရရှိခဲ့သည်။

ဆရာကြီးမင်းယုဝေ၏ ထင်ရှားသောစာအုပ်များမှာ ကဗျာ့ပရိယာယ် (မင်းသုဝဏ်နှင့် မင်းယုဝေ-၁၉၆၃) သည် ဆရာကြီးမင်းသုဝဏ်နှင့် ဆရာမင်းယုဝေတို့၏ ကဗျာဆွေးနွေးချက်များကို စုစည်းထုတ်ဝေထားသောစာအုပ်ဖြစ်သည်။ ၁၉၆ဝ ပြည့်နှစ် ဩဂုတ်လထုတ် ငွေတာရီမဂ္ဂဇင်း အမှတ်(၂) မှစ၍ ဆရာကြီးမင်းသုဝဏ်က 'ကဗျာခန်း'ဟု အမည်ပေးကာ ကဗျာဝါသနာရှင်များထံမှ ကဗျာများကို တောင်းယူပြီး ကဗျာလင်္ကာရေးစပ်သီကုံးရာတွင် သတိပြုသင့်သည့်အချက်များကို အကြံပေးဖော်ပြချက်များနှင့် ဆရာမင်းယုဝေ၏ 'ကဗျာခန်း'ကို ဆက်လက်ဆွေးနွေး အကြံပြုချက်များကို စုပေါင်းကာ 'ကဗျာ့ပရိယာယ်' အမည်ဖြင့် ပုံနှိပ်ထုတ်ဝေထားသည့် စာအုပ်ဖြစ်သည်။ ဆရာမင်းယုဝေ၏ဆွေးနွေးချက်များကို တင်အေး (ရှမ်းပြည်) နှင့် ဒဂုန်ဦးထွန်းမြင့်တို့က တည်းဖြတ်ပေးကြသည်။ စုစုပေါင်းကဗျာရှင် ၁ဝဝ နှင့် ဆွေးနွေးထားပြီး နောက်ဆက်တွဲအဖြစ် ခေတ်ပြိုင်စာဆိုများ၏ ကဗျာစာအုပ်စာရင်းကို ဖော်ပြထားသည်။

မြန်မာစာမိတ်ဖွဲ့ (တိုက်စိုးနှင့်တွဲဖက်-၁၉၆၅)




စာအုပ်သည် ဆရာတိုက်စိုးနှင့် ဆရာမင်းယုဝေတို့ စာနယ်ဇင်းများတွင် အခါအားလျော်စွာ ရေးခဲ့သော စာပေရေးရာဆောင်းပါးများကို စုပေါင်းထုတ်ဝေထားသည့်စာအုပ်ဖြစ်သည်။ "မြန်မာစာမိတ်ဖွဲ့" သည် ဆရာတို့၏ ထင်ရှားသော စာပေလက်ရာတစ်ခု ဖြစ်သည်။ ဆရာတို့နှစ်ဦးသည် ခေတ်အဆက်ဆက် မြန်မာစာပေများမှ ကောင်းကွက်၊ လှကွက်များကို မိတ်ဆက်ပေးထားခြင်းဖြစ်သည်ဟု ဆရာမောင်ခင်မင်(ဓနုဖြူ)က အဆိုပါစာအုပ်၏ အမှာစာတွင် ရေးသားဖော်ပြခဲ့သည်။ "မြန်မာစာမိတ်ဖွဲ့" စာအုပ်သည် စာပေဝါသနာရှင်များ၏ အထူးအားပေးခြင်းခံရပြီး အကြိမ်များစွာ ပြန်လည်ထုတ်ဝေခဲ့ရသည်။ ၁၉၆၅ ခုနှစ်နှင့် ၁၉၆၆ ခုနှစ်တို့တွင် ပထမတွဲ၊ ဒုတိယတွဲ ခွဲထုတ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် နှစ်တွဲကို တပေါင်းတည်း ထုတ်ဝေခဲ့ကြောင်းသိရသည်။ မြန်မာစာပေသမိုင်းကို မိတ်ဆက်ထားသည့်စာအုပ်ဖြစ်ပြီး ပုဂံသားနှင့်စကားအသုံးအနှုန်းအကြောင်းမှ ဝတ္ထုတိုဆရာ သော်တာဆွေအထိ မြန်မာစာပေသမိုင်းတစ်လျှောက် ထင်ရှားသောစာပေနှင့် ထင်ရှားသော စာရေးဆရာများအကြောင်း စုံလင်စွာတင်ပြထားသော စာအုပ်ဖြစ်ကြောင်း သိရပါသည်။ ယင်းစာအုပ်ကို တက္ကသိုလ်မြန်မာစာအဓိကတန်းများနှင့် ပညာရေးတက္ကသိုလ် မြန်မာစာအတန်းတို့တွင် ပြဋ္ဌာန်းသင်ကြားလျက်ရှိသည်။ ဆရာကြီးမင်းယုဝေ၏ ကဗျာ၊ ဆောင်းပါးအချို့ကို အလယ်တန်းနှင့်အထက်တန်းကျောင်းများ၊ ကောလိပ်များ၊ ဆေးတက္ကသိုလ် အပါအဝင် တက္ကသိုလ်များတွင် နှစ်ပေါင်း ၄ဝကျော်မှ စ၍ ယနေ့အထိ ပြဋ္ဌာန်းသင်ကြားနေဆဲဖြစ်သည်။

စာဆိုနှင့်သုတေသီ (တိုက်စိုးနှင့်မင်းယုဝေ-၁၉၆၇) စာအုပ်သည် ဆရာတိုက်စိုးနှင့် ဆရာမင်းယုဝေတို့ ပူးတွဲရေးသားထားပြီး မောင်းထောင် ဦးကျော်လှ၊ မှော်ဘီဆရာသိန်း၊ ဂျိမ်းစ်လှကျော်၊ ဦးလတ်၊ သဘင်ဝန်ဦးနု၊ သခင်ကိုယ်တော်မှိုင်း၊ ဦးမြပီမိုးနင်း၊ ဦးဖေမောင်တင်၊ ရွှေဥဒေါင်း၊ ဦးဖိုးကျား၊ ဦးဘသန်း(ဘီအေ)၊ သိပ္ပံမောင်ဝ၊ မဟာဆွေ၊ ဇေယျ စသည့် စာရေးဆရာနှင့် သုတေသီ ၁၅ ဦးအကြောင်း ရေးသားထားသည့် စာအုပ်ဖြစ်သည်။

ပထမမြန်မာများ(၁၉၆၈) စာအုပ်တွင် အင်္ဂလိပ်-မြန်မာအဘိဓာန်ကို ပထမဆုံးပြုစုသူ၊ သိပ္ပံစာပေကို မြန်မာစာဖြင့် ပထမဆုံးပြုစုသူ၊ ပထမဆုံးမြန်မာဆရာဝန်၊ ခေတ်သစ်ဝတ္ထုကို ပထမဆုံးရေးသားသူ၊ ပထမဆုံး လူမှုဝန်ထမ်းအမျိုးသမီး၊ မဂ္ဂဇင်းလုပ်ငန်းကို အဦးအစ လုပ်ကိုင်သူ၊ ခေတ်သစ်ဇာတ်ဆရာတို့၏ ရှေ့ဆောင်၊ နိုင်ငံခြားသွား ပထမဆုံး မြန်မာ့ဆိုင်းပညာရှင်၊ မြန်မာထဲမှ ပထမဦးဆုံး ပါမောက္ခ၊ အဦးဆုံးရုပ်ရှင်ပညာရှင်၊ ရှေးဦးကာတွန်းဆရာ၊ ခေတ်သစ်ပန်းချီပညာရှင်၊ ကိုယ်ကာယ အလှဖော်ထုတ်သူ၊ ပထမဆုံးရုပ်ရှင်မင်းသား၊ ကာတွန်းရုပ်ရှင်ကို စတင်တီထွင်သူ၊ ခေတ်စမ်းကဗျာကို စတင်ခဲ့သူ၊ ခေတ်သစ်ကလေးကဗျာကို စတင်ရေးစပ်ခဲ့သူ၊ အိုလံပစ်အားကစားပြိုင်ပွဲသို့ မြန်မာလူမျိုးထဲမှ ပထမဆုံးယှဉ်ပြိုင်ခဲ့သူ စသည်ဖြင့် စာပေ၊ လူမှုဝန်ထမ်း၊ ဆေးပညာ၊ ဆိုင်းပညာ၊ ကာတွန်းပညာ၊ အားကစားစသည်ဖြင့် သက်ဆိုင်ရာ ပညာရပ်တို့တွင် မြန်မာလူမျိုးထဲမှ အဦးအစ တီထွင်သူများအကြောင်း ရေးသားထားသည့်စာအုပ်ဖြစ်သည်။

### စာလောက လူလောက

၁၉၇ဝ ပြည့်နှစ်တွင်ထုတ်ဝေခဲ့သော "စာလောကလူလောက" စာအုပ်မှာ ဆရာကြီးမင်းယုဝေ၏ စာနယ်ဇင်းများတွင်ရေးသားခဲ့သော စာပေယဉ်ကျေးမှု သုတေသနနှင့် သမိုင်းဆိုင်ရာ ဆောင်းပါးများကို စုစည်းထုတ်ဝေထားသော စာအုပ်ဖြစ်သည်။ ယင်းစာအုပ်တွင် မြန်မာစာပေနှင့် တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ၊ သမိုင်းနှင့် စာပေဆိုင်ရာ၊ ပြည်တွင်းပြည်ပ ခရီးသွားဆိုင်ရာ၊ နိုင်ငံတကာ စာပေဆိုင်ရာဆောင်းပါးများနှင့် မြန်မာစာပေ ယဉ်ကျေးမှုနှင့် သုတေသီလောကမှ ထင်ရှားသောပုဂ္ဂိုလ်များ၊ ကမ္ဘာ့စာပေယဉ်ကျေးမှုဆိုင်ရာ ထင်ရှားသောပုဂ္ဂိုလ်များအကြောင်းတို့ ပါဝင်ကြောင်း သိရပါသည်။ စာလောက လူလောကစာအုပ်၌ မြန်မာသက္ကရာဇ် ၁၁၁၂ ခုနှစ်မှ ၁၉၄ဝ ပြည့်နှစ် ဒုတိယကမ္ဘာစစ်မတိုင်မီခေတ်အထိ မြန်မာစာပေ အဆင့်ဆင့်ပြောင်းလဲလာပုံ သမိုင်းအကျဉ်းချုပ်၌ ဤသို့ ရေးသားတင်ပြထားပါသည်။

"ထို့နောက် ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) သို့ရောက်ခဲ့ပြန်ပါသည်။ ပုဂံခေတ်၌ စတင်ခဲ့သောပါဠိကျမ်းဂန်လေ့လာမှုသည်လည်းကောင်း၊ အင်းဝခေတ်၌ စတင်ခဲ့သော မြန်မာစာပေလေ့လာပြုစုမှုသည်လည်းကောင်း ဤခေတ်၌ အနည်ထိုင်တော့၏။ အဆီအနှစ်စုတော့၏။ ထိုခေတ်ပညာရှင်တို့သည် ဘိုးဘေးဘီဘင်အစဉ်အဆက် လေ့လာပြုစုခဲ့သော စာပေကျမ်းဂန်တို့ကို မနေမနား လေ့လာဆည်းပူးကြသည်။ ပျက်ယွင်းသည်တို့ကိုဖာထေးပြုပြင်ကြသည်။ တိမ်မြုပ်သည်တို့ကို ဖော်ထုတ်ကြသည်။ သာသနာပြုဆရာတော်အမှူးပြုသောပညာရှင်တို့သည် ပိဋကတ်တော်ကို တည်းဖြတ်၍ ကျောက်ထက်အက္ခရာ တင်ကြသည်။ ဓမ္မသတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ရာဇဝင်ကျမ်းစသည်တို့ကိုလည်း တည်းဖြတ်သုတ်သင်ကြသည်။ ပိဋကတ်ကျမ်းစာ၊ လောကီကျမ်းစာ၊ ပျို့၊ လင်္ကာ၊ သမိုင်းစသည်တို့ကို စုဆောင်း၍ မှတ်တမ်းစာရင်းတင်ကြသည်။ ဤသို့ ဘိုးဘေးများ၏ အမွေအနှစ်ဖြစ်သော စာဟောင်းပေဟောင်းတို့ကို ထိန်းသိမ်းရင်း တစ်ဖက်ကလည်း စာပေသစ်များကို ပြုစုကြသည်။ ဝေါဟာရလီနတ္ထိဒီပနီကျမ်း၊ ဝေါဟာရတ္ထပကာသနီကျမ်း၊ ပေါရာဏ ကထာဋီကာကျမ်း၊ သတ်ပုံသတ်ညွှန်းခွဲထားကျမ်း စသည့် စာပေအတွက် အဖိုးတန်သော စာပေစကားဆိုင်ရာ ကျမ်းများကို ပြုစုကြသည်။ ယောမင်းကြီးဦးဘိုးလှိုင်ဦးဆောင်သော ခေတ်မီပညာရှင်တစ်စုကလည်း အနောက်တိုင်းဝိဇ္ဇာ၊ သိပ္ပံကျမ်းများကို ကြိုးပမ်းမြန်မာပြန်ဆိုကြသည်။ ပျို့၊ လင်္ကာဆရာတို့သည် ဆန်းသစ်သော ကဗျာများကို မဖွဲ့ဆိုနိုင်စေကာမူ အစဉ်အလာမပျက် ရှေးရိုးကဗျာမျိုးကို ဆက်လက်ဖွဲ့ဆိုကြသည်။ ထူးခြားချက်မှာ လေးချိုး၊ တေးထပ်၊ ဘောလယ်၊ သံချို၊ လွမ်းချင်းစသော ကဗျာတိုလေးများ ပေါ်ထွက်လာခြင်းဖြစ်သည်..........." အစရှိသဖြင့် ရေးသားပြုစုခဲ့ရာ မြန်မာစာပေသမိုင်းကို လေ့လာစေလိုသော ဆရာကြီးမင်းယုဝေ၏ စိတ်စေတနာကို သိရှိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့် ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းက ဖွဲ့စည်းထားသော NUG၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝှမ်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဗို့ကျည် (ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံး ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E) လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/၈-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦး သေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားအရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတိုငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများ ကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာတာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါ ငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့် အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၁-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection – Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 6 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 7 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 10 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## လှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်အိုး အလုံး ၁၀၀ ထုတ်လုပ်

**လှိုင်ကော် စက်တင်ဘာ ၁၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ လျာထားဒါန်းထောက်ပံ့ငွေဖြင့် လှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် တည်ဆောက်ထားသည့် အောက်ဆီဂျင်စက် 25 m³/h မှ တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုး အလုံး ၁၀၀ ထုတ်လုပ်နေမှုအခြေအနေကို ယနေ့နံနက် ၉ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်လည်ပတ်မှုအခြေအနေ၊ ထုတ်လုပ်နိုင်မှုပမာဏများနှင့် ပတ်သက်သည့် အခြေအနေများအားမေးမြန်းပြီး အောက်ဆီဂျင်စက် လည်ပတ်နေမှု၊ ထုတ်လုပ်နေမှု အခြေအနေ၊ အောက်ဆီဂျင်အိုး ထားရှိသည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တပ်ဆင်ပေးသွားမည်**

ကယားပြည်နယ်တွင် လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ အောက်ဆီဂျင်စက် PSA Oxygen Generation system ဖြင့် 25 m³/h၊ တစ်နေ့လျှင် လီတာ ၄၀ အိုး အလုံး ၁၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ထပ်မံ၍ အောက်ဆီဂျင်စက် PSA Oxygen Generation system ဖြင့် 50 m³/h၊ တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့်စက်ကိုလည်း ပြည်နယ်အစိုးရက တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်လုပ်စက်များ တပ်ဆင်ပြီးစီးသွားပါက ကယားပြည်နယ်အတွင်းရှိပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါအပါအဝင် အခြားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများအတွက် အောက်ဆီဂျင်လိုအပ်ချက်များကို ပြည့်ဝစွာထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် နှစ်လဲသက်တမ်းတိုးဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာခြင်း

➢ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် (၁-၁၂-၂၀၂၀) ရက်နေ့မှစ၍ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ (၂၂-၃-၂၀၂၁) ရက်နေ့မှစ၍ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

➢ ကိုဗစ်-၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ပေးခဲ့ပါသည်။

➢ ယခုအခါ အများပြည်သူရုံးပိတ်ရက်များ ကုန်ဆုံးခဲ့ပြီးဖြစ်သည့်အတွက် ဌာန၏ ကနဦးနှင့် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်လုပ်ငန်းများကို (၁၃-၉-၂၀၂၁) ရက်နေ့မှစ၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ပေးရာတွင် ပေးဆောင်ရမည့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးကို ဝန်ဆောင်မှု ရပ်ဆိုင်းထားသည့် (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ (၅၆) ရက်ကာလအား ထည့်သွင်းရေတွက်ခြင်းမပြုဘဲ လျှော့ပေါ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့သော် (၃၀-၁၁-၂၀၂၁) ရက်နေ့ နောက်ပိုင်းမှ လာရောက်ဆောင်ရွက်သည့် ကနဦးမှတ်ပုံတင်ယာဉ်များသည် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ရမည်မဟုတ်ဘဲ မူလသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများ ပေးဆောင်ရမည်ဖြစ်ပါသည်။

➢ နှစ်လဲသက်တမ်းတိုးဆောင်ရွက်ရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်လအလိုက် အောက်ပါသတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက် လာရောက်ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) (၁၂/၂၀၂၀)လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူ အလုပ်ပိတ်ရက်သတ်မှတ်ကာလအတွင်း (၇/၂၀၂၁) လ မှတ်ပုံတင်ကုန်ဆုံးသည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊

(ခ) (၂/၂၀၂၁)လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူ အလုပ်ပိတ်ရက်သတ်မှတ်ကာလအတွင်း (၈/၂၀၂၁ လ) မှတ်ပုံတင်ကုန်ဆုံးမည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀-၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်း ပါဝင်သော (၉/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) မှ (၃၁-၁၂-၂၀၂၁) ရက်နေ့အတွင်း။

➢ သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူ သယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးခြင်းကို (၃၁-၁၂-၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

➢ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့် ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလ ကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်-

(က) သက်တမ်းကုန်ဆုံးရက် (၃၁-၁၂-၂၀၁၅) ယာဉ်များနှင့် (၃၁-၁-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက် သတ်မှတ်ကာလအတွင်းပါဝင်သော ၇/၂၀၂၁လတွင် (၅)နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၇-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊

( ခ ) သက်တမ်းကုန်ဆုံးရက် (၂၉-၂-၂၀၁၆) ယာဉ်များနှင့် (၃၁-၃-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက် သတ်မှတ်ကာလအတွင်းပါဝင်သော (၈/၂၀၂၁) လတွင် (၅)နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၈-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀- ၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) (၉/၂၀၂၁)လတွင် (၅)နှစ်ကျော်နှစ်ပြတ်မည့် သက်တမ်းကုန်ဆုံးရက် (၃၀-၉-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁)ရက်နေ့မှ (၃၁- ၁၂-၂၀၂၁) ရက်နေ့အတွင်း၊

➢ (၃၁-၁၀-၂၀၁၆)ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် ယာဉ်များသည် သတ်မှတ်သက်တမ်း ကာလအတွင်း အချိန်မီသက်တမ်းတိုးရန်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

■

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် တာချီလိတ်စခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၆ ခုမှ ယာဉ်စီးရေ ၂၄ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ Storage Container/ Tank တစ်ခု၊ အောက်ဆီဂျင် (အရည်) Distributor တစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၂၃၃၀၊ အောက်ဆီဂျင်ထုတ်စက် လေးခု၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် ခြောက်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် တစ်ခုနှင့် နှာခေါင်းစည်း ၄၅ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် အရည် (Bowser)ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက် လေးခုမှာ ရန်ကုန်မြို့သို့ သုံးခုနှင့် တန့်ယန်းမြို့သို့ တစ်ခုတို့ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း ယာဉ်စီးရေ ၁၇၀၂ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၂၀၆၂ တန်၊ အောက်ဆီဂျင် အရည်(အိုးဖြင့်) ၄၉၄ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ယာဉ်ဖြင့် တန် ၂၀၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၇၄ တန်၊ Storage Container ၂၂ ခု၊ အောက်ဆီဂျင်(အရည်) Distributor ၁၀ခု၊ အောက်ဆီဂျင် (အိုးခွံ) ၂ ဒသမ ၅ သိန်း၊ အောက်ဆီဂျင်ထုတ်စက် ၁၄၇ ခု၊ ဆေးရုံသုံး အောက်ဆီဂျင် ဖြည့်စက် သုံးခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် ၄၂ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် အခု တစ်သိန်း၊ Test Kit အခု နှစ်သိန်း၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၁၁ သိန်း ၊ လက်အိတ် ၁၄၆ တန်နှင့် နှာခေါင်းစည်း ၃၉၆၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။



**ရန်ကုန်သို့ ၇၄ စီး**

ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်စုစုပေါင်း ၉၄ စီးမှာ ရန်ကုန်သို့ ၇၄ စီး၊ မန္တလေးသို့ ခြောက်စီး၊ မော်လမြိုင်သို့ လေးစီး၊ နေပြည်တော်သို့ သုံးစီး၊ ပဲခူးသို့ သုံးစီး၊ မုံရွာသို့ နှစ်စီး၊ ပြည်နှင့် သံဖြူဇရပ်သို့ တစ်စီးစီဖြစ်ကြောင်း သိရသည်။

အောက်ဆီဂျင်ထုတ်စက် စုစုပေါင်း ၁၄၇ ခုမှာ ရန်ကုန်မြို့သို့ ၇၈ ခု၊ မန္တလေးမြို့သို့ ၁၇ ခု၊ လားရှိုးသို့ ခြောက်ခု၊ ပဲခူးသို့ လေးခု၊ မော်လမြိုင်သို့ လေးခု၊ မြစ်ကြီးနားသို့ လေးခု၊ ကျောက်ပန်းတောင်းသို့ သုံးခု၊ မုံရွာသို့ နှစ်ခု၊ မကွေးသို့ နှစ်ခု၊ ပခုက္ကူသို့ နှစ်ခု၊ ဘားအံသို့ နှစ်ခု၊ မင်းဘူးသို့ နှစ်ခု၊ နေပြည်တော်၊ မြင်းခြံ၊ တောင်ကြီး၊ မြစ်သား၊ မိုးကောင်း၊ သံဖြူဇရပ်၊ ကျောက်တံခါး၊ ဝါးခယ်မ၊ ထားဝယ်၊ ကွမ်းခြံကုန်း၊ စစ်တွေ၊ ဒေးဒရဲ၊ မြင်းမူ၊ မုဒုံ၊ ပြည်၊ မိတ္ထီလာ၊ မအူပင်၊ မြောင်းမြ၊ ဝိုင်းမော်၊ တာချီလိတ်နှင့် တန့်ယန်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

**တင်သွင်းခွင့်ပြုပေးလျက်ရှိ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့နံနက် ၇နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ထို့ပြင် ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

■

# စက်တင်ဘာ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၃၆၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၆,၁၉၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၃၆၄)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၉၃၃,၃၇၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၂၉,၈၈၀)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၅၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၇၈,၂၆၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၈) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၄၅၁) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၁၂)ခု | (၁၃၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁)ခု | (၁၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၂)ခု | (၁၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၅)ခု | (၂၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄၆)ခု | (၈)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၈)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၈၇)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၄၁)ခု | (၂၇၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၈၁၄)ခု | (၁,၈၈၃)ဦး |
| စုစုပေါင်း | (၂၆,၁၉၆)ခု | (၂,၃၆၄)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၇၄၁၆၉၃ | ၃၁၈၂၀၉၉၄ | ၆၇၇၀၁၇ |
| ၂။ | အိန္ဒိယ | ၃၃၂၀၈၃၃၀ | ၃၂၃၇၄၄၉၇ | ၄၄၂၃၅၀ |
| ၃။ | ဘရာဇီး | ၂၀၉၇၄၈၅၀ | ၂၀၀၁၆၁၆၁ | ၅၈၅၉၂၃ |
| ၄။ | ဗြိတိန် | ၇၁၆၈၈၀၆ | ၅၇၄၆၂၈၆ | ၁၃၃၉၈၈ |
| ၅။ | ရုရှား | ၇၁၂၁၅၁၆ | ၆၃၇၅၁၆၀ | ၁၉၁၉၆၁ |
| ၆။ | ပြင်သစ် | ၆၈၈၇၇၉၁ | ၆၅၀၄၁၆၉ | ၁၁၅၄၄၂ |
| ၇။ | တူရကီ | ၆၆၁၃၉၇၆ | ၆၀၉၀၉၀၂ | ၅၉၃၈၄ |
| ၈။ | အီရန် | ၅၂၇၅၅၆၇ | ၄၅၃၈၄၁၉ | ၁၁၃၈၂၄ |
| ၉။ | အာဂျင်တီးနား | ၅၂၂၁၈၀၉ | ၅၀၆၇၁၀၅ | ၁၁၃၂၈၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၂၆၇၇၂ | ၄၇၆၃၆၉၅ | ၁၂၅၅၂၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၆၃၇၃၂ | ၃၉၀၉၃၅၅ | ၁၃၈၇၀၁ |
| ၂။ | ဖိလစ်ပိုင် | ၂၂၀၆၀၂၁ | ၁၉၈၅၃၃၇ | ၃၄၉၇၈ |
| ၃။ | မလေးရှား | ၁၉၄၀၉၅၀ | ၁၆၇၈၉၅၉ | ၁၉၈၂၇ |
| ၄။ | ထိုင်း | ၁၃၆၈၁၄၄ | ၁၂၁၆၁၁၂ | ၁၄၁၇၃ |
| ၅။ | ဗီယက်နမ် | ၆၀၁၃၄၉ | ၃၆၃၄၆၂ | ၁၅၀၁၈ |
| ၆။ | မြန်မာ | ၄၂၉၈၈၀ | ၃၇၈၂၆၅ | ၁၆၄၅၁ |
| ၇။ | ကမ္ဘောဒီးယား | ၉၈၈၄၂ | ၉၃၄၁၁ | ၂၀၂၈ |
| ၈။ | စင်ကာပူ | ၇၀၆၁၂ | ၆၇၇၆၇ | ၅၈ |
| ၉။ | လာအို | ၁၇၁၄၀ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၄၀၃၅ | ၂၅၄၁ | ၁၉ |

## လာအိုနိုင်ငံမှ နေရပ်ပြန်ပြည်သူ ၂၀၀ တာချီလိတ်မြို့ရှိ ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**တာချီလိတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံဆိပ်ကမ်းတွင် လာအိုနိုင်ငံမှ လွှဲပြောင်းလာသည့် နေရပ်ပြန်ပြည်သူ အမျိုးသား ၁၁၉ ဦးနှင့် အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၂၀၀ ကို ယနေ့ နေ့လယ်အချိန်က မြန်မာဘက်မှ တာဝန်ရှိသူများက စိစစ်လက်ခံခဲ့ကြသည်။

၎င်းနေရပ်ပြန်ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီက ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Rapid Test Kit စနစ်ဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ဆေးချက်အဖြေအရ ရောဂါပိုးတွေ့ရှိသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ငါးဦးရှိကြောင်းနှင့် ၎င်းတို့ကို ကုသရေးစင်တာသို့ ချက်ခြင်းပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ပိုး မတွေ့ရှိသည့်နေရပ်ပြန်ပြည်သူ ၁၉၅ ဦးကို ဝမ်လုံးအသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင်ခေတ္တထားရှိပြီး တတိယမြောက်နေ့တွင် ဒုတိယအကြိမ် ထပ်မံစစ်ဆေး၍ ပိုးကင်းစင်မှသာ သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံမှ ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို ဇူလိုင် ၃၀ ရက်မှ စတင်လက်ခံခဲ့ကြရာ ယနေ့အချိန်ထိ ၂၈၇၁ ဦးရှိပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့အား သက်ဆိုင်ရာ နေရပ်ဒေသအသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် တာချီလိတ်မြို့ရှိ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး မော်တော်ယာဉ်များကို အခမဲ့စီစဉ်ပေးကာ သက်ဆိုင်ရာ နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဇင်ဇင်(ပြန်/ဆက်)

■

## ဝတ္ထုတို




**ပိုင်ဆု(ပညာရေး)**

(၁)

"ကွမ်းယာ၊ ဆေးလိပ်၊ ရေသန့်တွေရမယ်"

"ကြက်ဥပြုတ်၊ ငုံးဥပြုတ်၊ သရက်သီးလည်း ရမယ်နော်"

လမ်းဆုံမီးပွိုင့်တစ်ခုတွင် မြင်တွေ့နေရသော မြင်ကွင်းများသည် သူ့အတွက်တော့ ရိုးအီနေပြီဖြစ်သည်။ ထိုနေရာမှာပင် ကျင်လည်ကျက်စားနေရသော ဘဝတူချင်းများဆိုပေမယ့် ရုန်းကန်နေကြသည့် သရုပ်ပုံကတော့ မတူညီကြပေ။ ခဏတဖြုတ် အမောထိုင်ဖြေနေရင်း ဘဝရပ်တည်မှုအတွက် လှုပ်ရှားရမည်ဆိုသောအသိကြောင့် ပလက်ဖောင်းပေါ်မှ ထလိုက်သည်။ လေးနှစ်အရွယ်ကလေးမလေးကို လက်ကိုဆွဲ၊ နှစ်နှစ်အရွယ်နှင့် ဆယ်လအရွယ် ကလေးနှစ်ယောက်ကို ဘယ်ညာတစ်ဖက်စီ အဝတ်ဖြင့် ချီပိုးရင်း မီးပွိုင့်မိနေသော ကားများကြားထဲသို့ သူလျှောက်သွားလိုက်တော့သည်။

"အစ်ကိုကြီးတို့ အစ်မကြီးတို့ရယ်.. ထမင်းဖိုးလေး သနားပါ..."

လေ့ကျင့်စရာမလိုအောင် နှမ်းလျနေသောဘဝကြောင့် သူ၏အသံသည် သူကိုယ်တိုင်ပင် သနားစရာကောင်းနေမှန်းသိပါသည်။ ပိန်လှီနေသော ခန္ဓာကိုယ်၊ နေရောင်နှင့် ထိတွေ့မှုများသောကြောင့် ညိုမွဲနေသော အသားအရေပေါ်တွင် ညစ်ထေးထေး အဝတ်အစားများက မြင်ရသူအဖို့ စိတ်မကောင်းစရာပင်။ မည်သို့ပင်သနားသည်ဖြစ်စေ ကားသမားများသည်လည်း ဘဝရပ်တည်မှုအတွက် ရုန်းကန်လှုပ်ရှားနေရသူများမို့ လူတိုင်း မစွန့်ကြဲနိုင်သည်ကို သူနားလည်ပါသည်။ ရသလောက်နှင့် တင်းတိမ်ပြီး ရှာဖွေရန်သာ ဆုံးဖြတ်ထားသည်မို့ သူ့အတွက် စိတ်သက်သာရာရခဲ့သည်။ ကလေးသုံးယောက်နှင့် မီးပွိုင့်လမ်းဆုံရှိ ကားကြိုကားကြားတွင် အသနားခံတောင်းရမ်းနေသော သူ၏ အမည်မှာကား ဘဝနှင့် မလိုက်ဖက်အောင်ပင် ကင်ပွန်းတပ်ထားသည်ဟု ဆိုရမည်။ သူ၏..အမည်က.....မရွှေလှတဲ့....။

**အားတက်သရောဖြင့် ဈေးရောင်းနေသော ဝင်းကြည်ကို ကြည့်ရင်း ပီတိဖြစ်နေမိသည်။ ဖခင်ဖြစ်တော့မည်ဆိုသည့် အသိကြောင့် ပြောင်းလဲသွားခဲ့သော ဝင်းကြည်။ မမြင်ရသေးသည့် ဗိုက်ထဲက ကလေးကိုပင် သူ ကျေးဇူးတင်နေမိသည်။ သူများသားသမီးတွေ တုန်းက နေပူမိုးရွာ နေ့စားငှားပြီး တောင်းရမ်းခဲ့ပေမယ့် ကိုယ့်သားသမီးကျတော့ အဖြစ်မခံနိုင်သည့် သူ၏ အတ္တကိုတော့ သူနားလည်ပါသည်။ သို့ပေမယ့် ထိုအတ္တများသည် အဖြူရောင်အတ္တသာ ဖြစ်ပါလိမ့်မည်**

(၂)

အိမ်ပေါ်ရောက်သည်နှင့် အရက်ခွက်ဖြင့် တစ်ယောက်တည်းဇိမ်ကျနေသော ယောကျ်ားဖြစ်သူ ဝင်းကြည်ကို တွေ့လိုက်ရသည်။ သူကတော့ တစ်နေကုန် ပင်ပင်ပန်းပန်း တောင်းရမ်းနေရပေမယ့် ဘာမှမလုပ်မကိုင် အချိန်ပြည့်သောက်စားနေသော ဝင်းကြည်ကို မကြည်ဖြူပေမယ့်လည်း ပြဿနာဖြစ်မည်စိုး၍ မျက်နှာလွှဲထားရသည်။

"ဟဲ့..မိန်းမ...ရွှေလှလေး...ပြန်လာပြီလား... အေ့...လာပါဦးဟ.."

အရက်မူးနေသော အသံဖြင့်ခေါ်နေသော ဝင်းကြည်ဘေးနားတွင် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်သည်။

"ပြောစမ်းပါဦး...မိန်းမရ...ဒီနေ့အခြေအနေ... အဆင်ပြေရဲ့လားလို့...အေ့...."

အဒေါ်များနှင့်သာ ကြီးပြင်းခဲ့သောသူ့အတွက် အိမ်ထောင်ကျခြင်းသည် ထူးဆန်းသောကိစ္စမဟုတ်ပေ။

ကလေးမရသေးပေမယ့် ကလေးတွေနှင့် ဗန်းပြပြီး အသနားခံပြီးတောင်းရမ်းရသည်မှာ အဆင်ပြေသောကြောင့် ရပ်ကွက်ထဲမှ ကလေးမွေးနိုင်သလို ကလေးတွေကို အရွယ်အလိုက် နေ့စားငှားသော ဒေါ်တင်သန်းဆီမှ ကလေးနှစ်ယောက်နဲ့ အစ်မဝမ်းကွဲတော်စပ်သည့် ဒွေးမေ၏ သမီးလေးကို နေ့စားခေါ်ယူပြီး သူတောင်းရမ်းခဲ့သည်။ ဒေါ်တင်သန်း၏ ကလေးနှစ်ယောက်သည် အရွယ်ငယ်လွန်းသောကြောင့် ငိုယိုပြီး အဆင်မပြေမှာစိုး၍ တစ်နေကုန် အိပ်ဆေးတွေ တိုက်ထားရသေးသည်။

ကလေးများအပေါ် ကရုဏာသက်မိပေမယ့် ဘဝပေးအခြေအနေဆိုတော့လည်း ရင်နာစွာနှင့်ပင်

"ဝင်းကြည်ရယ်... အဆင်ပြေတယ် မပြောဘူးဆိုတာ ငါတို့အတွက် အရေးမပါပါဘူးဟာ။ အဆင်ပြေတော့လည်း ငါတို့ ဒီကျူးရပ်ကွက်ထဲကနေ ပြောင်းနိုင်သွားမှာမှမဟုတ်တာ။ အိမ်စားဖို့နဲ့ နင့်အရက်ဖိုးရရင် ပြီးပြီမဟုတ်လား"

"ရွှေလှကလည်းဟာ.. ငါ အလုပ်မလုပ်ချင်လို့ မဟုတ်ပါဘူးဟာ..အေ့...ငါနဲ့ သင့်တော်မယ့်အလုပ်မရှိ.."

"တော်ပါတော့..ဝင်းကြည်ရယ်..ဘာမှလည်း လုပ်မနေပါနဲ့တော့..ငါ ရေချိုးတော့မယ်"

စကားဆက်ပြောချင်စိတ်မရှိ၍ အနားမှထထွက်သွားလိုက်သည်။ တောင်းရမ်း၍ ရသောငွေသည် အသင့်အတင့်ရပေမယ့် နေ့စားကလေးကြေးကလည်း ပေးရသေးတော့ သူ့အတွက် လောက်ငှရုံသာ ကျန်သည်လေ။

သိတတ်စအရွယ်ကပင် ကျူးရပ်ကွက်ထဲမှာ ကြီးပြင်းလာသောသူ။ တောင်းရမ်းစားသောက်ရသည့်အလုပ်နဲ့ပင် ကြီးပြင်းခဲ့ရသည်။ စာတစ်လုံးမှ မတတ်ပေမယ့် အရွယ်ရောက်တော့ ဘဝတူ ဝင်းကြည်နှင့် အိမ်ထောင်ကျခဲ့သည်။ မိဘလည်းမရှိ ရုန်းကန်နေရတော့သည်။

(၃)

နိစ္စဓူဝအတိုင်း တောင်းရမ်းပြန်လာပြီး ကလေးများကို သက်ဆိုင်ရာအိမ်များမှာ ဝင်အပ်ခဲ့သည်။ နေရထိုင်ရတာ မသက်သာတာရော စိတ်ထဲတွင် သံသယဖြစ်မိသောကြောင့် ရပ်ကွက်ထဲရှိ လက်သည်ဒေါ်နွဲ့ဆီသွားရောက်ခဲ့ရာ သူထင်ထားသည့်အတိုင်း အဖြေထွက်ခဲ့ရသည်။ ဝမ်းနည်းဝမ်းသာဖြင့် ဝင်းကြည်ကို ပြောပြရန် အိမ်သို့ တန်းသွားလိုက်သည်။

ဝင်းကြည်သည် အရက်သောက်ပြီး အလုပ်လုပ်ချင်စိတ်မရှိတာကလွဲလို့ သူ့အပေါ် အနိုင်ကျင့်နှိပ်စက်ခြင်းတော့မရှိပေ။ အိမ်ပေါ်ရောက်တော့ ထူးထူးဆန်းဆန်း အရက်မသောက်ဘဲထိုင်နေသော ဝင်းကြည်ကို တွေ့လိုက်ရသည်။

"အံမယ်..ဝင်းကြည်..ငါများ မျက်စိမှားနေတာလား..နင် ဘာလို့အရက်မသောက်တာလဲ..."

"နင့်ကြောင့်လေ..."

"ဘယ်လို..ငါ့ကြောင့် ဟုတ်လား.."

"ဟုတ်တယ်လေ.. နင်မှ မနက်က အရက်ဖိုး မပေးခဲ့တာ..ငါ့မှာ သောက်ချင်လွန်းလို့"

ဝင်းကြည်၏ စကားကြောင့် ရယ်ရအခက် ငိုရအခက်ဖြစ်သွားသည်။ မနက်က ပိုက်ဆံထားခဲ့ရန် မေ့ခဲ့ကြောင်းလည်း ယခုမှ သတိထားမိသည်။

"အင်းပါ..ဝင်းကြည်...အခု ငါ့မှာအရေးတကြီး ပြောစရာရှိတယ်..နင်နားထောင်ပေး"

"အင်း..ပြောလေ"

"ငါ့မှာ အခု ကိုယ်ဝန်ရှိနေပြီတဲ့.."

"ဟင် တကယ်လား..ငါဝမ်းသာလိုက်တာဟာ"

"ဟုတ်တယ် ဝင်းကြည်..ဒါကြောင့် နင့်ကို ငါ အလုပ်တစ်ခုခု လုပ်စေချင်ပေမယ့် နင့်သဘောပါ။ ငါကတော့ ဒွေးမေနဲ့ ဒေါ်တင်သန်းရဲ့ကလေးတွေကို မခေါ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ။ ဘာလို့လဲဆိုတော့ ငါမွေးမယ့်ကလေးကို သူတို့လိုဖြစ်မှာကြောက်လို့။ နောက်ပြီး သူတို့ ကလေးတွေကိုလည်း သနားတယ်လေ။ ငါတစ်ယောက်တည်း တောင်းရမ်းကြည့်မယ်။ ဒါမှ အဆင်မပြေရင် ကွမ်းယာ၊ ရေသန့် ရောင်းကြည့်မယ်ဟာ။ အဲဒီမှာ အသိတွေရှိနေတော့ ကူညီကြမှာပါ"

သူ၏စကားအဆုံးမှာ ဝင်းကြည်၏ မျက်နှာသည် ပြောင်းလဲခြင်းများစွာဖြစ်လာရာမှ မျက်ရည်များပင် ကျဆင်းလာတော့သည်။

"ဟင်...နင်..ငိုနေတာလား..ဝင်းကြည်"

"ငါမှားပါတယ်..ရွှေလှရာ.. ငါက အိမ်ထောင်ဦးစီး ယောကျ်ားဖြစ်ရဲ့နဲ့ အရက်သောက်၊ အလုပ်ပျင်းပြီး နင်ပင်ပန်းသမျှ ရလာတဲ့အရာတွေကို အဆင်သင့် ဖြုန်းတီးနေခဲ့တာ။ အခု ငါကလေးအဖေဖြစ်တော့မယ်။ ဒါကိုမှ ဒီအတိုင်းဆက်နေရင် ငါ လူမဟုတ်တော့ဘူးဟာ။ အရက်ကို ငါမဖြတ်နိုင်သေးပေမယ့် ဖြည်းဖြည်းချင်းဖြတ်မယ်ဟာ။ မနက်ဖြန်ကစ ငါ ရရာအလုပ်လုပ်တော့မယ် ရွှေလှရာ။ ငါ နင့်ကို ကတိပေးပါတယ်"

"နင်..တကယ်ပြောနေတာလား..ဝင်းကြည်"

"တကယ်ပါဟာ.."

လှိုက်ဖိုတက်လာသော ဝမ်းသာမှုနှင့်အတူ ဝင်းကြည်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်တော့သည်။ ဒီတစ်ကြိမ်တော့ ဝင်းကြည်၏ ရင်ခွင်သည် သူ့အတွက် အနွေးထွေးဆုံးဖြစ်ပါလိမ့်မည်။

(၄)

"ကွမ်းယာရမယ်၊ ဆေးလိပ်ရမယ်၊ ရေသန့်ရမယ်"

"ကြက်ဥပြုတ်၊ ငုံးဥပြုတ်၊ သရက်သီး အချဉ်ပေါင်းလည်း ပါတယ်နော်"

လမ်းဆုံမီးပွိုင့်မှ ကားကြိုကားကြားများကြားတွင် သူတို့လင်မယားနှစ်ယောက်၏ ဈေးရောင်းသံသည် စည်ကားလွန်းနေသည်။ အားတက်သရောဖြင့် ဈေးရောင်းနေသော ဝင်းကြည်ကိုကြည့်ရင်း ပီတိဖြစ်နေမိသည်။ ဖခင်ဖြစ်တော့မည်ဆိုသည့် အသိကြောင့် ပြောင်းလဲသွားခဲ့သော ဝင်းကြည်။ မမြင်ရသေးသည့် ဗိုက်ထဲက ကလေးကိုပင် သူကျေးဇူးတင်နေမိသည်။ သူများသားသမီးတွေတုန်းက နေပူမိုးရွာ နေ့စားငှားပြီး တောင်းရမ်းခဲ့ပေမယ့် ကိုယ့်သားသမီးကျတော့ အဖြစ်မခံနိုင်သည့် သူ၏ အတ္တကိုတော့ သူနားလည်ပါသည်။ သို့ပေမယ့် ထိုအတ္တများသည် အဖြူရောင်အတ္တသာဖြစ်ပါလိမ့်မည်။

ဝင်းကြည် ပြောင်းလဲသွားခြင်းမှာလည်း သူ၏ အဖြူရောင်အတ္တများကြောင့် ပါဝင်မှန်း သူ သိပါသည်။ မည်သို့ပင်ဆိုစေ လတ်တလော ပြောင်းလဲသွားသည့် အခြေအနေကို အားရကျေနပ်မိရင်း နောင်လာမည့်ရက်များတွင် ယခုကဲ့သို့ အေးချမ်းခြင်းများ ပိုင်ဆိုင်နိုင်ပါစေလို့ သူ့စိတ်ထဲမှ ဆုတောင်းမိလိုက်ပါတော့သည်။ ။

## ပညာခေတ်

- ❖ ဆန်းသစ်တီထွင် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာ။
- ❖ အံ့လောက်ဖွယ်ရာ ပညာခေတ် ကမ္ဘာ့ရွာကြီးဖြစ်။
- ❖ လူသစ်စိတ်သစ် အမြင်ကျယ် တိုးတက်ကြစေတယ်။
- ❖ လူမှုနယ်ပယ် ပညာများ ပြန့်ပွားကြသည်သား။
- ❖ ပညာတို့အား နှိုင်းပြုသည် ဖိုးတန် ရွှေငွေမည်။
- ❖ သာယာဝေစည် လူ့ဘဝ ပညာပြည့်စုံမှ။ ။

မာန်ကျည်းမြေမောင်ယဉ်ကျေး

ဆောင်းပါး

# မွေးသောပန်းများဖြစ်စေလို

တက္ကသိုလ်လင်းနိုင်

ပန်းတို့မည်သည် ဖူးရာမှပွင့်၊ ငုံရာမှပွင့်၊ ပွင့်ရာမှ ရနံ့သင်းကြိုင်ကာ အများအတွက်ပန်ဆင်ချင်စရာ၊ နမ်းရှိုက်ချင်စရာအဖြစ်နှင့် လောကကို အလှဆင်ကြသည်။ ကိုယ်တိုင်စိုက်ပျိုးထားသော ပန်းပင်တို့၌ ပန်းကောင်းမွေးတို့ ဖူးပွင့်လာစေရန် ထိုပန်းပင်အား ရေလောင်းပေါင်းသင်ခြင်း၊ မြေဩဇာပေါင်းထည့်ခြင်းတို့ကို ဆောင်ရွက်ပေးရသည်။ ထိုပန်းပွင့်တို့ ဖူးလာငုံလာအောင် ဥယျာဉ်မှူးက ပျိုးထောင်ပြုစုပေးရသည်။ အနာဂတ်၏ မျိုးဆက်သစ်လူငယ်တို့သည်လည်း ကိုယ်တိုင်စိုက်ပျိုးပြုစုထားသော ပန်းပင်တို့နှင့်တူသည်။ ရနံ့ကြိုင်သော ပန်းပွင့်တို့ ပွင့်ဖူးလာအောင်၊ ပိုးမထိမပျက်စီးရအောင် ပြုစုပျိုးထောင်ပေးရသလို အများအတွက်အကျိုးပြုတတ်သော လူကောင်းလူမွန်ကလေးများ ဖြစ်လာအောင်လည်း လူငယ်တို့ကို ပြုစုပျိုးထောင် ပေးကြရပေမည်။ အများတကာ နမ်းရှိုက်လိုသော လူ့ပန်းမွေးများဖြစ်ဖို့လိုပေသည်။

ပန်းတို့မည်သည် ရနံ့နှင့် အများအကျိုးကိုဆောင်ကြသည်။ လူတို့တွင်ကား စိတ်ဓာတ်နှင့်နှလုံးသားလှသူတို့သည် အများကောင်းကျိုးကို ပြုမူဆောင်ရွက်တတ်ကြသည်။ စိတ်ကောင်းနှလုံးကောင်းရှိသော သူတို့သည် တခြားသူကို စာနာထောက်ထားတတ်သည်။ အများပြုံးပျော်ရာဖြစ်သော အေးငြိမ်းဖွယ်ရာအမှုတို့ကို ပြုတတ်သည်။ သို့ဖြစ်၍ လူငယ်တို့ကို အများအတွက် အကျိုးဆောင်သော ပန်းမွေးများဖြစ်အောင် ပျိုးထောင်ပေးကြရပေမည်။

ပန်းတို့သည် ပွင့်ပြီးမှ ရနံ့မွှေးကြသည့်အတွက် မွှေးသောပန်းတို့ပွင့်လာအောင် ပန်းပင်တို့ကို ဥယျာဉ်မှူးက ပြုစုပျိုးထောင်ရသည်။ အများအကျိုးကိုဆောင်တတ်သော လူများဖြစ်လာအောင်ကား ပြုစုပေးနိုင်သည့် ဥယျာဉ်မှူးသည် စာအုပ်စာပေတို့သာဖြစ်သည်ဟု ဆိုချင်ပါသည်။ စာအုပ်စာပေတို့သည် လူတစ်ဦးတစ်ယောက်လိမ္မာလာရေးအတွက် လမ်းညွှန်ပေးတတ်သည်။ လူတို့၏ စိတ်ဓာတ်ရေးရာ မြင့်မားလာအောင်လည်း စာပေကသွန်သင်ပေးနိုင်သည်။ စာပေစာအုပ်တို့သည် လူ့လောက၏ အကြောင်းအရာများကို အခြေပြုပြီး ရေးဖွဲ့ထားခြင်းဖြစ်၍ လူတို့၏ လိုအပ်ချက်များ၊ အမှားများကို စာပေစာအုပ်တို့မှ သိမြင်နိုင်သည်။ စာအုပ်စာပေတို့ကို ဖတ်ရှုခြင်းဖြင့် အသိမှန်အမြင်မှန်များရလာကာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာပေသည်။ စရိုက်ကြမ်း စိတ်ကြမ်းရှိသောသူကို စရိုက်ကောင်းစိတ်ကောင်းဖြစ်လာအောင် စာပေကပြုပြင်ပေးနိုင်သည်။ ကြမ်းကြုတ်သော နှလုံးသားပိုင်ရှင်ကိုလည်း နူးညံ့သော နှလုံးသားပိုင်ရှင်အဖြစ် ပျိုးထောင်ပြောင်းလဲနိုင်ပေသည်။

မြန်မာ့စာပေလောကထဲမှ ပခုက္ကူ ဦးအုံးဖေစာပေဆုကို ကြားဖူးကြပေမည်။ ထိုဆုသည် ဦးအုံးဖေဆိုသူကို အစွဲပြု၍ အမည်မှည့်ထားသောစာပေဆုပင်ဖြစ်သည်။ ဦးအုံးဖေသည် ပခုက္ကူမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စုမှ ရှားတောရွာအမည်ရှိသော ရွာငယ်ကလေးမှဖြစ်သည်။ ငယ်စဉ်က လေးတန်းပင်မအောင်ခဲ့သော ဦးအုံးဖေသည် စာရေးတတ် ဖတ်တတ်လောက်သာ တတ်ပေသည်။ ဦးအုံးဖေသည် ဓားပြတိုက်လိုက်၊ ထောင်ကျလိုက်ဖြင့် ထောင်မကြာမကြာ ကျဖူးသောလူမိုက်လူဆိုး တစ်ယောက်ပင်ဖြစ်သည်။ ထောင်ထဲတွင် နှစ်အကြာကြီး နေခဲ့ဖူးသည်။ ထောင်ထဲ၌နေစဉ်တွင် ထောင်မှူးကြီး ဦးမောင်မောင်တင်က ထောင်ထဲတွင် စာကြည့်တိုက်တစ်ခုထောင်ထားပေးသည်။ စာအုပ်များကို ဝယ်ထည့်ပေးသည်။ ဦးအုံးဖေသည် စာအုပ်များကို ဖတ်ရှုကြည့်သည်။ ထိုသို့ဖတ်ရှုကြည့်ရာမှ စာဖတ်အားမြင့်လာသောအခါ ထောင်မှူးက စာကြည့်တိုက်မှူးတာဝန်ကို ပေးအပ်သည်။ စာအုပ်စာပေများများ ဖတ်ရှုခဲ့သော ဦးအုံးဖေသည် ထောင်ထဲမှ ထွက်လာသောအခါ လူကောင်းလူမွန်ဖြစ်လာသည်။ ရွေးကောက်ပွဲနှင့်တင်မြှောက်သော ထနောင်းကုန်းအုပ်စု ငါးရွာပိုင်သူကြီး ဖြစ်လာခဲ့သည်။ ထိုမှတစ်ဆင့် ပခုက္ကူတစ်မြို့လုံး၏ မြို့မျက်နှာဖုံးဖြစ်လာခဲ့သည်။

စာအုပ်စာပေတို့သည် လူမိုက်လူဆိုးဦးအုံးဖေကို အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲစေခဲ့သည်။ စိတ်ကြမ်းလူကြမ်းဖြင့် ဓားပြအခါခါတိုက်ဖူးခဲ့သော ဦးအုံးဖေသည် စာပေနှင့်ထိတွေ့မှုရှိပြီးနောက် အများတကာအတွက် ကောင်းကျိုးဆောင်ပေးခဲ့သည့် ပန်းမွေးတစ်ပွင့်ဖြစ်လာခဲ့သည်။ လူအများအား ဒုက္ခပေးခဲ့သောသူသည် စာပေကြောင့် လူ့အကျိုးကိုဆောင်ရွက်တတ်လာသည်။ ထို့မျှ စိတ်ဆိုးနှလုံးဆိုးရှိသူကို စိတ်ကောင်းနှလုံးကောင်းဖြစ်အောင် စာအုပ်စာပေတို့က ပြောင်းလဲပေးနိုင်ခဲ့သည်။ ဤနေရာသည် ဦးအုံးဖေ ဆိုးခဲ့မိုက်ခဲ့ခြင်းသည် အသိတရား နည်းပါးခဲ့ခြင်းကြောင့်ဖြစ်သည်။ စာအုပ်စာပေဖတ်၍ အသိအမြင်ရလာသောအခါ ပန်းကောင်းပန်းမွေးတစ်ပွင့်ကဲ့သို့ဖြစ်လာခဲ့သည်။

ဤသို့လျှင် နောင်အနာဂတ်ကို ထမ်းဆောင်မည့် လူငယ်တို့၌ အများကောင်းကျိုးကို ဆောင်ရွက်လိုသော စိတ်ကောင်းနှလုံးကောင်း ရှိဖို့လိုပေသည်။ အနာဂတ်လူ့ဘောင်ကို ထွန်းပြောင်စေမည့် အေးချမ်းစေမည့် သူတို့သည် လူငယ်များပင်ဖြစ်သည်။ အနာဂတ်လူ့ဘောင် ထွန်းပြောင်နိုင်ရန် ထမ်းဆောင်ရမည့်လူငယ်တို့၌ အသိအမြင်ရှိဖို့လိုပေသည်။ အသိအမြင်ရှိဖို့ စာအုပ်စာပေဖတ်ရှုကြရပေမည်။ အသိအမြင်ရှိလာပါမှ စိတ်ကောင်းနှလုံးကောင်းတည်လာကာ အများတကာကို ရနံ့ပေးနိုင်မည့် မွှေးသောပန်းများဖြစ်ပေမည်။ ဦးအုံးဖေကဲ့သို့ အသိတရားနောက်မကျသွားရအောင်လည်း လူငယ်များအနေဖြင့် အငယ်အရွယ်ကပင် စာအုပ်စာပေဖတ်ရှုကြရပေမည်။ ။

## ကာကွယ်မှုနဲ့ တိုက်ဖျက်စို့

ကိုဗစ်ဆယ့်ကိုး သည်ရောဂါ
ကူးစက်လျင်မြန်စွာ၊
အသိပညာ ဝေဖြန့်ကြ
ကာကွယ်မှုသာ အဓိက။
မကြာခဏ လက်ဆေးပါ
လူချင်း ခြောက်ပေခွာ၊
ဂရုစိုက်စွာ နေထိုင်စား
နှာခေါင်းစည်း ပဝါတား။
လူအုပ်စုကြား ဝေးရှောင်ကြဉ်
မက်စ်ကိုလည်းတပ်ဆင်၊
လိုအပ်မှပင် အပြင်ထွက်
ကျန်းမာရေးအတွက်။
ရောဂါဆိုးတိုက်ဖျက်။ ။

မင်းခန့်(တာပွန်)

## လိုသုံး

သွန်းလက်ဂျာ(တောင်ငူ)

ရှေးလူကြီးသူမများနှင့် မိဘဆရာသမားတို့၏ စကားများသည် လူမှုပတ်ဝန်းကျင်အတွက် အကျိုးကျေးဇူးများလှပေသည်။ လိုက်နာကျင့်သုံးသူများကိုလည်း အဆင်ပြေအောင် အထောက်အကူပြုလျက်ရှိနေသည်မှာ ကိုယ်တွေ့ပင်ဖြစ်ကြပေလိမ့်မည်။

ကျွန်တော်တို့ လူ့စရိုက်သဘာဝတွင် ပစ္စည်းအသစ်လေးတစ်ခုရလာလျှင် အဟောင်းကိုမသုံးချင်ကြပေ။ အပြစ်ရှာချင်တတ်ကြသည်။ အသစ်တွေ့လျှင် အဟောင်းကို မေ့တတ်ကြသည်။ ထိုသဘောသည် ယနေ့ခေတ်လူငယ်တိုင်းနီးပါး ဖြစ်ကြပေလိမ့်မည်။ သေချာဆေးကြော သိမ်းဆည်းထားဖို့ကို ဝန်လေးတတ်ကြသည်။ အသစ်အသစ်သော အရာဝတ္ထုတွေကိုသာ တန်ဖိုးထားချင်ကြပေသည်။ အဟောင်းတွေရဲ့ တန်ဖိုးကိုချောင်ထိုးထားကြသည်။

လူကြီးမိဘများသည် အခါရာသီအလိုက် မိမိတို့ခြံထဲတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးတတ်ကြသည်။ ထိုအရာကိုပင် လူငယ်အများစုက အပိုအလုပ်ဟုထင်ကြသည်။ ဈေးတွင်အလွယ်တကူရနိုင်ပါလျက် အချိန်ကုန်လူပင်ပန်းခံကြသည်ဟု အပြစ်မြင်ကြသည်။ အိမ်နောက်ဘေးတွင် ဈေးဆိုင်မတည်ချင်ကြတော့ပေ။

လူငယ်တို့စိတ်ထဲတွင် အရာရာ ငွေပေးလျှင်ရသည်ဟုထင်ကြသည်။ ထို့ကြောင့် ငွေကိုသာ ကြိုးစားရှာဖွေတတ်ကြသည်။ ထိုအတွေးသည် ကျွန်တော်အပါအဝင် လူငယ်တိုင်းနီးပါး လက်ခံထားကြသည်။ တကယ်တော့ ထိုအတွေးသည်မှန်သင့်သလောက်သာ မှန်ပါသည်။ အချိန်ကာလ အခြေအနေတစ်ခုအထိသာ မှန်ကန်ကြောင်းကို ကျွန်တော်တို့ တဖြည်းဖြည်း သိရှိလာရပေသည်။

၂၀၁၉ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်းသို့ပျံ့နှံ့လာသော ကိုဗစ်-၁၉ ကပ်ရောဂါပိုးသည် ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းသို့ပါ ကူးစက်ဝင်ရောက်လာခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကူးစက်ခံရသူများလာသည်နှင့်အမျှ သေဆုံးသူလည်း များပြားလာလေသည်။

ထို့ကြောင့် နိုင်ငံတိုင်းတွင် အစိုးရရုံးလုပ်ငန်းများ၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံများ ရပ်နားခဲ့ရသည်။ လူစုလူဝေးမဖြစ်ပေါ်စေရန် စာသင်ကျောင်းများ၊ ဈေးများ ပိတ်ထားခဲ့ရသည်။ မလိုအပ်ဘဲ အိမ်ပြင်မထွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားနေသည်။

ထိုအခြေအနေတွင် ကျွန်တော်တို့လူငယ်အများစု လက်ခံထားသော အတွေးအထင်သည် တက်တက်စင်အောင် လွဲနေပေသည်။ အရာရာသည် ငွေပေးဝယ်၍ မရတော့ပေ။ လက်ထဲပိုက်ဆံရှိရုံဖြင့် အရာရာ ငွေ့ါဟာဟု ထင်ထားမှုသည် မိုက်မဲမှုအသွင်ပင်ဆောင်လာပါသည်။

အမြော်အမြင်ကြီးလှသော မိဘများ၏ "လိုသုံး" "လိုရမယ်ရ" မရှိသုံး စသော စကားလုံးများ၏ အဓိပ္ပာယ်နှင့်တန်ဖိုးကို ပီပီပြင်ပြင် နားလည်လာရပေသည်။

ထိုကာလ၌ အိမ်နောက်ဘေးမှ ဈေးဆိုင်လေးသည် မိသားစု ထမင်းဝိုင်းကို များစွာအထောက်အကူပြုနေပါပြီ။

ပစ်ထားခဲ့သောပစ္စည်းအဟောင်းလေးများကို လိုအပ်လာရပေပြီ။ သေချာသိမ်းဆည်းတတ်သော မိဘများကို ပို၍လေးစားမိလာသည်။ လိုအပ်သောအခါတွင် အသုံးဝင်သော "လိုသုံး" ပစ္စည်းလေးများ၏ တန်ဖိုးကို နားလည်လာပါတော့သည်။

ထို့ကြောင့် ကျွန်တော်တို့သည် အသစ်အသစ်သော ပစ္စည်းများကို ပိုင်ဆိုင်ကြသည့်အခါတိုင်း ဟောင်းသွားသော ပစ္စည်းလေးများ၏ တန်ဖိုးကိုလည်း မေ့မထားသင့်ကြပေ။ သေချာသိမ်းဆည်းထားသင့်ပေသည်။ ထိုအရာများသည် တစ်ချိန်ချိန်တွင် အမှန်တကယ် လိုအပ်သော၊ အသုံးဝင်သော အဖိုးတန် "လိုသုံး" ပစ္စည်းလေးများပင်ဖြစ်နေမည်မှာ မလွဲပေ---။

## ပသတ်သုံးရာ သတ်ပုံကဗျာ

သဲနဲ့ရှပ်ရှပ် ဖြဲစပ်စပ်၊
ချဲကပ်ဆိုတော့ ပသတ်တာ။
စွဲကပ်ကိုတော့ ပသတ်ပါ။
ရေခပ် ရေဝပ် လေသလပ်၊
ကျေနပ်တာဆို ပသတ်ရာ။
သေဝပ်တာကို ပသတ်ဗျာ။
ကူးခပ် နူးနပ် ကျေးဇူးဆပ်၊
ဆူးတပ်ကိုလည်း ပသတ်မှာ။
ပူးကပ်ဆိုလည်း ပသတ်ကွာ။
နှီးသပ် စည်းကြပ် ဖြီးစပ်စပ်၊
ဆီးစပ်ဆိုတော့ ပသတ်လာ။
မီးညှပ်ကိုတော့ ပသတ်ကာ။
ဘီးကုပ် ဘီးစိပ် ကြာတံဆိပ်၊
လှေဆိပ်မှာဆို ပသတ်သာ။
ခွေလိပ်တာကို ပသတ်တာ။
ကြွေးဆပ် ကပ်ရပ် တရစပ်၊
ကျိန်းစပ်ဆိုလည်း ပသတ်ပါ။
ကိန်းဝပ်ကိုလည်း ပသတ်ဗျာ။ ။

မောင်မောင်လှရွှေ(ကန့်ဘလူ)

☆ ကျောဖုံးမှ

ယခုအခါ ကိုဗစ်-၁၉ တတိယလှိုင်း သက်ရောက်မှုကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြန်လည်ပေးဆပ်ရန် အခက်အခဲများရှိနေသဖြင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်(၆)လ ထပ်မံသက်တမ်း တိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၃။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလသက်တမ်း(၁)နှစ် (၆)လ စေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ်အဖြစ် နောက်ထပ်(၆)လ ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လူမှုရေးအသင်းအဖွဲ့များအား ထောက်ပံ့

**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များတွေ့ဆုံပွဲကို စက်တင်ဘာ ၁၀ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တက်ရောက်လာသည့် လူမှုရေးအသင်းအဖွဲ့များသို့ ဆန်၊ ဆီနှင့် နှာခေါင်းစည်းတို့ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဆရာဝန်များအသင်း၊ စာရေးဆရာများအသင်း၊ ဇာတ်သဘင်အစည်းအရုံး၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ တပ်ဖွဲ့များသို့ ဆန်အိတ် ၃၁၀၊ ဆီဘူး ၃၁၀၊ နှာခေါင်းစည်း အခု ၃၀၀၀ နှင့် ငွေကျပ် ၅၁၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြန်မာနှင့် ပိုးကရင်ဘာသာ နှစ်ဘာသာဖြင့် အသိပညာပေး



**လှိုင်းဘွဲ့ စက်တင်ဘာ ၁၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို သိရှိနိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက မြန်မာဘာသာ၊ ပိုးကရင်ဘာသာဖြင့် အသိပညာပေး လိုက်လံနှိုးဆော်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးပြီးသူ ၄၈၁၉ ဦးရှိပြီဖြစ်

**ပင်လောင်း စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ဆေးထိုးစုရပ်ငါးနေရာခွဲ၍ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**ဒုတိယအကြိမ်ထိုးနှံပေး**

မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ ဆေးထိုးစုရပ်များရှိ တိုက်နယ်ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၁၁၀၄ ဦး၊ အစိုးရ/ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း ၁၂ ဦး၊ ပရဟိတ ၃၂၈ ဦး၊ ဘုန်းကြီး/သီလရှင် /ဘာသာရေးကျောင်းမှ ၁၃၆ ဦး၊ နိုင်ငံ့ဝန်ထမ်း ၄၃၆ ဦး၊ နိုင်ငံ့ဝန်ထမ်းမိသားစု ၃၆၀၊ပုဂ္ဂလိကဘဏ်ဝန်ထမ်း ၄၁ ဦး၊ ပုဂ္ဂလိကစက်ရုံ/အလုပ်ရုံဝန်ထမ်း ၂၉၇ ဦး၊ ဟိုတယ်/မိုတယ်/တည်းခိုခန်း ခြောက်ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်း ၁၅၃ ဦး၊ စူပါမားကက်/ဈေးသည် ၁၈၄၂ ဦးတို့အား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**၄၈၁၉ ဦးရှိပြီ**

ပင်လောင်းမြို့နယ်တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံပေးခဲ့သည့် မိဘပြည်သူ ၆၀၇၄ ဦးတို့အား ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ပင်လောင်းမြို့ အထက(၂)၊ နောင်တရားမြို့ အမှတ်(၁)ရပ်ကွက်၊ တီကျစ် အထက၊ ပင်ခွန် အထက၊ ပေါင်းလောင်းတလိုင်းမ အထက စသည့် စုရပ်များ၌ ဒုတိယအကြိမ်ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးခဲ့ရာ စုစုပေါင်း ၄၈၁၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ၂၀၂၁ ခုနှစ် စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ (၁၃-၁၈) ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာလ (၁၉-၂၄) ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# သတင်းမီဒီယာ အရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီမှ ကြီးမှူး၍ကျင်းပသော သတင်းမီဒီယာများ အရည်အသွေးမြှင့်တင်ရေးသင်တန်း သင်တန်းအမှတ်စဉ်(၂)ကို စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးအမှတ် ၃၉၂/၃၉၆၊ ကုန်သည်လမ်း၊ ၉ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်(ရေကြောင်းဦးစီးဌာနရုံးရှေ့)သို့ စက်တင်ဘာ ၁၃ ရက်နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ကိုဗစ်ကာလစည်းကမ်းချက်များနှင့်အညီ သင်တန်းသားဦးရေ ၂၀ ဝန်းကျင်သာ လက်ခံသင်ကြားမည်ဖြစ်သဖြင့် ဆောလျင်စွာ စာရင်းပေးသွင်းသူများအား ဦးစားပေးလက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

## မကွေးတိုင်းဒေသကြီးရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မကွေး စက်တင်ဘာ ၁၁**
မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် ကျန်းမာရေးသုံး အကာအကွယ်ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ချီးကျူးဂုဏ်ပြု**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ကျန်းမာရေးသုံး အကာအကွယ်ပစ္စည်းကိုးမျိုးဖြစ်သည့် Surgical Mask၊ KN95 Mask၊ Hand Sanitizer၊ PPE၊ Surgical Gown၊ Goggle၊ Boot၊ Surgical Cap၊ Exam Gloves များအား တိုင်းဒေသကြီးအတွင်းရှိ ပရဟိတအဖွဲ့အစည်း ၁၂၉ ဖွဲ့မှ စေတနာ့ဝန်ထမ်းများထံသို့ ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း၊ ပရဟိတအဖွဲ့အစည်းအသီးသီးမှ စေတနာ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို အခကြေးငွေမယူဘဲ စေတနာ့ဝန်ထမ်းအဖြစ် မိမိတို့ဆန္ဒအလျောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးနေကြသည့်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ တက်ရောက်လာသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအား ကျန်းမာရေးသုံး အကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ (မကွေး)**

## မော်လမြိုင်မြို့၌ အောက်ဆီဂျင်စက်တပ်ဆင်နေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၁၁**
မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ Online Meeting ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ ရွှေနတ်တောင်ရေသန့်စင် စက်ရုံဝင်းအတွင်း အောက်ဆီဂျင်စက် ရောက်ရှိတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ အောက်ဆီဂျင်စက်သည် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၅၉၄ ဒသမ သုည သန်းဖြင့် တန်၂၀ ဆံ့ အောက်ဆီဂျင်(အရည်) (400 Nm/hr Oxygen Generator)၊ Oxygen Plant (50 Nm/hr Oxygen Generator)၊ Oxygen Plant (20 Nm/hr Oxygen Generator) စုစုပေါင်း စက်သုံးလုံးဖြင့် လည်ပတ်မည်ဖြစ်ရာ လိုအပ်မည့် အောက်ဆီဂျင် ပမာဏကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၁**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အလှူငွေများအား လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့တွင် တာချီလိတ်မြို့မှ စေတနာရှင် အလှူရှင်များက တြိဂံဒေသတိုင်းစစ်ဌာနချုပ် မဲခေါင်ရိပ်သာခန်းမ၌ ငွေကျပ် ၁၀၄ သိန်းတန်ဖိုးရှိ အိမ်သုံးအောက်ဆီဂျင်စက် ရှစ်လုံး၊ ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ နှာခေါင်းစည်း ၁၀၀၀၀၊ ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ ဆန်အိတ် ၃၀၀၊ ငွေကျပ် ၃၄ သိန်းတန်ဖိုးရှိ ဆီပုံး ၁၁၀ နှင့် အလှူငွေကျပ်သိန်း ၂၀၀ တို့ကို လာရောက်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၁**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၃၆၂ ဦးတို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၆၉ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်များ အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၇၂၉ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၆၅၂ ဦး တို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၂၄၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူစုစုပေါင်း ၄၁၅၅ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၅၀၈ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၉၅၄၂ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် လေးမြို့နယ်မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၃၆၀ တို့ကိုလည်းကောင်း တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

ပြည်တွင်းရေးရာ

## ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ယနေ့တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရွှေ့လျားဈေးကားဖြင့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်လတ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ကျိုက်လတ် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အရ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားအရည်အချင်းပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ် ရရှိကိုင်ဆောင်နိုင်ရေးနှင့် အိမ်ထောင်စုစာရင်း ရရှိရေးအတွက် စီမံချက်ကာလအလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ခနောင်ကျေးရွာအုပ်စုအတွင်းရှိပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး



ဦးထွန်းဆွေနှင့်အဖွဲ့က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခနောင်ကျေးရွာအုပ်စုအတွင်း ပန်းခင်းစီမံချက်ဖြင့် (နိုင်၃က) ခြောက်ဦး၊ (နိုင်ဖက) ၄၃ ဦး၊ လဲလှယ် ၄၇ ဦးနှင့် မိတ္တူ ၂၄ ဦးအပါအဝင် စုစုပေါင်း ၁၂၀ အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သပြေထွန်း**



## အမ်းမြို့နယ်၌ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က တိုက်ပွဲရှောင်စခန်းနေ ပြည်သူ ၁၇၈၇ ဦးအတွက် ဆပ်ပြာတောင့်နှင့် အာဟာရမုန့်များ ထောက်ပံ့

**အမ်း စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က နေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်းနေ ပြည်သူများအတွက် ဆပ်ပြာတောင့်နှင့် အာဟာရမုန့်များကို ယနေ့ မွန်းလွဲ ၁ နာရီက မိုးလုံလေလုံအားကစား ခန်းမ၌ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါထောက်ပံ့ပေးအပ်ရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီမံညွှန်ကြားမှုဖြင့် နေရပ်စွန့်ခွာခိုလှုံနေသူတိုက်ပွဲရှောင်စခန်း ကြီးကြပ်မှုကော်မတီ အဖွဲ့ခေါင်းဆောင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဝေက တိုက်ပွဲရှောင်စခန်းမှ တာဝန်ရှိသူများဖြင့် ကြီးကြပ်၍ ဆပ်ပြာတောင့်နှင့် အာဟာရမုန့်များ ဆက်လက်ထောက်ပံ့ပေးအပ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က အမ်းမြို့နယ်အတွင်း ပဲပဒုံနေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်း(၁)၊ မိုးလုံလေလုံအားကစားခန်းမ နေရပ်စွန့်ခွာခိုလှုံနေသူ တိုက်ပွဲရှောင်စခန်း(၂)၊ ကမ်းဒိတ်ဓမ္မာရုံရှိ နေရပ်စွန့်ခွာခိုလှုံနေသူတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူစုစုပေါင်း အိမ်ထောင်စု ၃၈၅ စုမှ လူဦးရေ ၁၇၈၇ ဦးအတွက် ဆပ်ပြာတောင့် ၃၄ ပုံး၊ ကလေးအာဟာရမုန့် ၆၁ ပုံး ကိုးထုပ်၊ လူကြီးအာဟာရမုန့် ရှစ်ပုံး ခြောက်ထုပ်အား လူတစ်ဦးလျှင် ဆပ်ပြာ တစ်တောင့်နှုန်းနှင့် (၅)နှစ်အောက်ကလေး တစ်ဦးလျှင် ကလေးအာဟာရမုန့် နှစ်ထုပ်၊ ကိုယ်ဝန်ဆောင်နှင့် ခြောက်လထိ နို့တိုက်မိခင် တစ်ဦးလျှင် လူကြီးအာဟာရမုန့် နှစ်ထုပ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်**

■

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**စာတည်း**




## သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် မုံရွာခရိုင် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မုံရွာခရိုင် သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ရည်ရွယ်၍ မုံရွာခရိုင် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က မုံရွာမြို့မြို့ပတ်လမ်းဘေးရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။



**စိုက်ပျိုး**

ရှေးဦးစွာ မုံရွာခရိုင် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ကြသော မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မုံရွာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းနှင့်သစ်တောဝန်ထမ်းများ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတို့တွင် မဲဇလီပင် ၁၀၀၊ ခရေပင် ၁၀၀၊ မည်စည်ပင် ၁၀၀၊ ကုက္ကိုပင် ၁၀၀၊ စိန်ပန်းပင် ၅၀ စသည့် သစ်ပင်ပျိုးပင်ပေါင်း ၄၅၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

## မိုင်းဆတ်မြို့နယ်ရှိ ကိုဗစ်စင်တာအတွက် အင်အားဖြည့်အစားအစာ ထောက်ပံ့လှူဒါန်း

**မိုင်းဆတ် စက်တင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်အတွင်း ကိုဗစ်ကာလ ဆွမ်းကွမ်းခက်ခဲသည့် မိုင်းဆတ်မြို့နယ် သဗ္ဗညု ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေသော ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် ဆွမ်းဆန်တော် ၂၁ အိတ်၊ ဆီ ၆၆ ဒသမ ၅ ပိဿာ၊ ကုလားပဲ ၁၃၃ ပိဿာတို့အား အမှတ် ၁၄ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ဒုတိယ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး လင်းအောင်မိုး၊ မိုင်းဆတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ မိုင်းဆတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မိုင်းဆတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေထွန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်လှူဒါန်းခဲ့သည်။

ထို့နောက် မိုင်းဆတ်မြို့နယ်အတွင်း ကိုဗစ်စင်တာများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက်လည်း ဆေးဝါးနှင့် အင်အားဖြည့်အစားအစာများဖြစ်သည့် ကြက်ဥကတ် ၂၀၊ ခေါက်ဆွဲခြောက် ၁၀ ပုံး၊ သီးစုံဓာတ်ဆား နှစ်ပုံး၊ ရေသန့်ကတ် ၂၀၊ နှာခေါင်းစည်း ၁၀ ဘူး၊ လက်သန့်ဆေးရည် ငါးဘူး တို့အား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ငွေကြယ်**



## ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၆၀ အား ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်သဖြင့် နေရပ်သို့ မော်တော်ယာဉ်များဖြင့်ပို့ဆောင်

**တာချီလိတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)မှ တစ်ဆင့် ထိုင်းနိုင်ငံမှ ပြန်ဝင်လာကြသည့် နေရပ်ပြန်ပြည်သူ ၁၆၀ တို့အား ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိနိုင်ရေးအတွက် တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် ယမန်နေ့ညနေက ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူများသည် စက်တင်ဘာ ၆ ရက်က ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးလာသည့် နေရပ်ပြန်ပြည်သူ ၂၂၁ ဦးဖြစ်ပြီး ၎င်းတို့အား တာချီလိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ နှစ်ကြိမ် စစ်ဆေးခဲ့သည်။

ထို့ကြောင့် ကျန်းမာရေးစစ်ဆေးမှု နှစ်ကြိမ် ပြုလုပ်ပြီး ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်သူ ၁၆၀ အား တာချီလိတ်မြို့ရှိ ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နေရပ်ပြန်ပြည်သူများအား အစားအသောက်များ ဝေငှပေးခြင်းနှင့် လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကာ သက်ဆိုင်ရာနေရပ်အသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## ပူတာအိုခရိုင် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပူတာအို စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ပူတာအိုခရိုင်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အောက်ဆီဂျင်အိုးများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပူတာအိုခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းရာတွင် အလှူရှင် ဦးလဝွေဘောမ်လန်းကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမယစ်ယောရှုက ကာလတန်ဖိုးစုစုပေါင်းသိန်း ၁၅၀ တန်ဖိုးရှိ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး(အစုံ) အလုံး ၅၀ နှင့်ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရာ စစ်ဗျူဟာအဖွဲ့(အခြေချ)ပူတာအိုမှ ဗျူဟာမှူး ဗိုလ်မှူးကြီး ဂင်းမင်းသိမ်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့အပြင် အလှူရှင် ဦးလဝွေဘောမ်လန်းသည် ပူတာအိုခရိုင်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် Oxygen Mask ၁၀၀ ပါ သုံးဖာ၊ Surgical Glove ၆၀ ပါ ခြောက်ထုပ်၊ နှာခေါင်းစည်း ၁၀ ခုပါ အထုပ် ၄၀၀ ပါ သုံးဖာ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေး ဝတ်စုံ ၅၀ ပါ တစ်ဖာနှင့် ပန်းဥယျာဉ် ပရဟိတအသင်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို စက်တင်ဘာ ၇ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဆီဆိုင်**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးနိုင်ရေးအတွက် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီခန့်က မြကန်သာရပ်ကွက်အတွင်းရှိ ဆီဆိုင်မြို့နယ်ခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား စနစ်တကျထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**

**ကျောက်ဖြူ**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံခဲ့သူများအား စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ စန္ဒကူးခန်းမတွင် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံရန်လာရောက်ကြသည့် ရဟန်းသံဃာတော်များ၊ ဘိုး/ဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား သတ်မှတ်နေရာများသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဒုတိယအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှစ၍ အထက-၁ ကျောင်းယုဇနခန်းမတွင် ထိုးနှံပေးလျက်ရှိသည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို မြို့ပေါ်ရပ်ကွက်ရှိ အသက် ၆၅ နှစ်အထက် ဘိုးဘွားများနှင့် စေတနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများအား ယနေ့ နောက်ဆုံးရက်အနေဖြင့် အထက-၁ ယုဇနခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိပြီး ကျေးရွာအုပ်စုများ၌လည်း စက်တင်ဘာ ၁၂ ရက်မှစတင်ကာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ဝေါ**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဝေါမြို့ မြို့တော်ခန်းမတွင် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသည့် စက်ရုံ၊ အလုပ်ရုံများမှ ပြည်သူများအား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးလျက်သည်။

ကာကွယ်ဆေး ထိုးနှံပေးနေမှုအခြေအနေများကို ဝေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးအားပေးကာ လိုအပ်သည်များကို ဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝေါမြို့နယ်တွင် စက်ရုံ၊ အလုပ်ရုံများမှ ပြည်သူများအား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဝေါမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ ၄၈၈ ဦးတို့အား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုလဲရတနာခန်းမ၌ စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခဲ့သော အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ အပါအဝင် ဦးတည်အုပ်စုများအလိုက် သတ်မှတ်ထားရှိသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒုတိယအကြိမ် ထိုးနှံပေးသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးနေမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပုံတောင်သား**

**တောင်ငူ**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဒုတိယအကြိမ်အဖြစ် ဦးတည်အုပ်စုများအား ဦးစားပေးအလိုက် စုရပ်နေရာများတွင် ထိုးနှံပေးလျက်ရှိရာထိုးနှံရန်ရက်ချိန်းများအလိုက် ကျန်ရှိနေသူများအား ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဂယ်ခိုဂယ်ဘားခရစ်ယာန်ကျောင်းအတွင်း ထိုးနှံပေးသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို တောင်ငူမြို့ မြစည်းခုံသာသနာ့ဗိမာန်(ဟောင်း)၊ ဂယ်ခိုဂယ်ဘားခရစ်ယာန်ဘုရားကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ကေတုမတီမြို့သစ်အထက်တန်းကျောင်းနေရာများတွင် ဆေးထိုးစုရပ်နေရာအဖြစ် ဩဂုတ်လနောက်ဆုံးအပတ်မှစ၍ စက်တင်ဘာပထမပတ်အတွင်း ဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးထိုးနှံပေးခဲ့ရာ လူဦးရေစုစုပေါင်း ၁၀၀၀၀ ကျော်အား ထိုးနှံပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှသိရသည်။

**ဇော်ထက် (ခရိုင်ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် ယနေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ နယ်မြေခံတပ်ရင်းရှိ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၇ ဦးနှင့် အမျိုးသမီး ၉၃ ဦး စုစုပေါင်း ၂၁၀ အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခွဲခွာအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၄ ဦး အားလည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခွဲခွာအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အနုပညာ

## နိုင်ငံနဲ့ဒေသပေါင်း ၆၀ က အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ LALISA



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆာဟာ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို လတ်တလော စတင်ထုတ်လွှင့်ပေးခဲ့ပြီး ယင်းအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ပေးခဲ့ရာ ယင်းတေးဗီဒီယိုဟာ ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ဒေသပေါင်း ၆၀ မှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာရရှိနေကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဆာရဲ့ ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို LALISA လို့ အမည်ပေးထားပြီး စက်တင်ဘာ ၁၀ ရက် တောင်ကိုရီးယားဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီမှာ စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်နဲ့အတူ ခေါင်းစီးတေးဖြစ်တဲ့ LALISA ရဲ့ တေးဗီဒီယိုကိုလည်း တစ်ပါတည်း ထုတ်လွှင့်ပေးခဲ့ပါတယ်။ စက်တင်ဘာ ၁၁ ရက်မှာ အဆိုပါ တေးဗီဒီယိုဟာ နိုင်ငံနဲ့ဒေသပေါင်း ၆၀ ရဲ့ အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်ထားနိုင်တာ ဖြစ်ပါတယ်။

အဆိုပါ တေးသီချင်းခေါင်းစဉ်ကို လီဆာရဲ့ အမည်ရင်းကို အစွဲပြုပေးထားတာဖြစ်ပြီး ယင်းတေးသီချင်းမှာ အမည်ရဲ့စွမ်းအားကို ဖော်ကျူးထားကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် အဆိုပါတေးဗီဒီယိုမှာ လီဆာက သူ့ရဲ့ဇာတိဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ အငွေ့အသက်တွေနဲ့ ထိုင်းယဉ်ကျေးမှုတွေကို ထည့်သွင်းဖန်တီးထားတာကိုလည်း တွေ့ရပါတယ်။

### TWICE ရဲ့ ပထမဆုံးသော အင်္ဂလိပ်တေးသီချင်း The Feel

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ အဖွဲ့ရဲ့ ပထမဆုံးသော အင်္ဂလိပ်တေးသီချင်း The Feel အတွက် ပြင်ဆင်မှုတွေပြုလုပ်ခဲ့ပြီး လတ်တလောမှာ အဆိုပါ တေးသီချင်းအတွက် စမ်းသပ် ထုတ်လွှင့်ခဲ့ကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးသီချင်းအတွက် TikTok ဗီဒီယိုတစ်ခုကို လတ်တလောမှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါ တေးသီချင်းကိုတော့ လာမယ့် အောက်တိုဘာ ၁ ရက်မှာ စတင်ထုတ်လွှင့်ပေး မှာဖြစ်တယ်လို့ သိရပါတယ်။




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ချွိုင်ဂျီဝူးဟာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာမှာဖြစ်ကြောင်း လတ်တလောမှာ အတည်ပြုခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၁၀ ရက်မှာ ချွိုင်ဂျီဝူးအနေနဲ့ ရုပ်သံဇာတ်လမ်းမှာ ပါဝင်မှာဖြစ်ကြောင်း ရုပ်ရှင်အသိုင်းအဝိုင်းမှ သတင်းတွေပေါ်ထွက်လာခဲ့ပြီး မင်းသမီးရဲ့ အေဂျင်စီကလည်း အဆိုပါသတင်းတွေမှန်ကန်ကြောင်း အတည်ပြုခဲ့ပါတယ်။ ချွိုင်ဂျီဝူးဟာ Goosebumps လို့ ယာယီအမည်ပေးထားတဲ့ သည်းထိတ်ရင်ဖို ဇာတ်လမ်းတွဲအမျိုးအစား ရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်တယ်လို့ အေဂျင်စီက ဆိုပါတယ်။

ချွိုင်ဂျီဝူးဟာ ရုပ်သံဇာတ်လမ်းတွဲတွေမှာ မပါဝင်ဖြစ်ခဲ့တာ နှစ်နဲ့ချီကြာမြင့်ခဲ့ပြီဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ဟာ လေးနှစ်တာအတွင်း ပထမဆုံး ရိုက်ကူးမယ့် သူ့ရဲ့ဇာတ်လမ်းတွဲရုပ်ရှင်လည်း ဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲမှာ ချွိုင်ဂျီဝူးဟာ လှပတဲ့ အမျိုးသမီးတစ်ဦးဖြစ်တဲ့ ယွန်ဂျန်အဖြစ် ပါဝင်သွားမှာဖြစ်ပြီး သူဟာ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။

အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ကို Kakao TV ကနေ ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး သည်းထိတ်ရင်ဖိုရုပ်ရှင်တွေနဲ့ ကျော်ကြားတဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ ဂျန်ဘန်စစ်က ရိုက်ကူးထားတာပါ။ ဒီဇာတ်လမ်းတွဲရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေ စတင်နေပြီဖြစ်ပြီး ယခုနှစ်အတွင်း စတင်ပြသနိုင်ဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။

## ဂျက်စတင်ဘီဘာရဲ့စံချိန်ကို ကျော်လွန်ကာ စံချိန်သစ်တင်လိုက်တဲ့ Black Pink

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ဟာ ကနေဒါပေ့ါ်ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာ တင်ထားတဲ့ စံချိန်တစ်ခုကို ကျော်လွန်ကာ ယူကျုပေါ်မှာ subscribers အများဆုံး ရရှိသူဖြစ်လာကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၁၀ ရက်မှာ Black Pink ရဲ့ တရားဝင်ယူကျုချန်နယ်ကို subscribe လုပ်သူ ၆၅ ဒသမ ၂ သန်း ပြည့်မြောက်ခဲ့ပါတယ်။ ဒီပမာဏဟာ ကမ္ဘာပေါ်မှာ subscribers အများဆုံး ရရှိခဲ့တာပါ။ ယခင်က ဒီစံချိန်ကို ဂျက်စတင်ဘီဘာက subscribers ၆၅ ဒသမ ၁ သန်းနဲ့ စံချိန်တင်ထားခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ဂျက်စတင်ဘီဘာဟာ ဒုတိယနေရာမှာ ရပ်တည်နေကြောင်းလည်း သိရပါတယ်။

ဒီလိုအောင်မြင်မှုရရှိခဲ့တာနဲ့ပတ်သက်ပြီး Black Pink အဖွဲ့ဝင်တွေကတော့ ကမ္ဘာတစ်ဝန်းက သူတို့ရဲ့ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး အနာဂတ်မှာလည်း သူတို့ရဲ့ တေးဂီတနဲ့ ဖျော်ဖြေမှုတွေကနေတစ်ဆင့် ပရိသတ်တွေကို အားအင်တွေ ဆက်လက်ပေးသွားမှာဖြစ်ကြောင်းလည်း ကတိပြုခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# ခနုဖြူမြို့နယ် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

**ခနုဖြူ စက်တင်ဘာ ၁၁**

ခနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ခနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စုအတွင်းရှိတောင်သူလယ်သမားများ၏ စပါးခင်းများအတွင်း ကျေးလက်နေတောင်သူများ စပါးသာမက ငါးရိက္ခာပါ ပိုမိုစားသုံးနိုင်ရန် ရည်ရွယ်ပြီး ငါးမျိုးစိုက်ထည့်ခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး အောင်ဟိတ် ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီး ကောင်ရေ ၁၁၀၀၀၀ အား နန်းတော်ကုန်းကျေးရွာအုပ်စုအတွင်းရှိ စပါးဧက ၂၂၀ အတွက် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ဥသ္သဖရားလမ်း၊ တိုက်အမှတ်(၄၈)၊(၄)ခန်းတွဲ(၆)ထပ်ခွဲတိုက်၏ပထမထပ်၊အကျယ်အဝန်း(၁၁၀၀) စတုရန်းပေရှိ(ရွှေအောင်တံခွန်)ကွန်ဒိုတိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ယခုရောင်းချသူ ဒေါ်အေးအေးမွန်(၉/ကပတ(နိုင်)၀၆၅၇၈၆) မှမိမိကိုယ်တိုင် တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီးလွတ်လပ်စွာ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ,

**ဒေါ်ခင်မိမိစိုး**

အထက်တန်းရှေ့နေ

(LL.B, D.M.L)(စဉ်-၄၁၄၀၀)

Ph : 09-796766946, 09-43124898

Email: myanmarlandrealestate&lawfirm@gmail.com

# ဖလမ်းမြို့နယ် သိုင်ငိုင်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ဟားခါး စက်တင်ဘာ ၁၁**

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တောင်တန်းဒေသများရှိ မြစ်ချောင်းဆည်ကန်များအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရန်၊ ငါးရိက္ခာများ ပိုမိုရရှိစေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ဖလမ်းမြို့နယ် ပြည်နယ်ငါးလုပ်ငန်းစခန်း(ရမ်ထလို) အနီးရှိ သိုင်ငိုင်းချောင်းအတွင်းသို့ နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၂၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၊ မြက်စားငါးကြင်းကောင်ရေ ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၀၀၀၀ အား မျိုးစိုက်ထည့်သည်။



အဆိုပါ မျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တလန်းဇာကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန၊ မိုးလေဝသနှင့် လျှပ်စစ်ဌာနတို့မှ ဝန်ထမ်းများနှင့် ရမ်ထလို ငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများတက်ရောက်၍ ငါးမျိုးစိုက်ထည့်ခဲ့သည်။ ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ၂၀၂၀-၂၀၂၁ ခုနှစ် ငါးမျိုးစိုက်လျာထားချက် ငါးသားပေါက်ကောင်ရေ ၄၄၀၀၀၀ အပေါ် သားပေါက်ကောင်ရေ ၄၄၈၅၀၀ မျိုးစိုက်ထည့်နိုင်ခဲ့ပြီး ၁၀၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်ဝင်းထံမှ သိရသည်။

**သတင်းစဉ်**

**○ ဘုရင့်နောင်မှ**

လေးလမ်းသွားအဖြစ် ၂၀၁၈ ခုနှစ်တွင် လှိုင်သာယာမြို့နယ် နယ်နိမိတ်အတွင်း လမ်းပိုင်းများအဖြစ် ထပ်ပိုးခင်းကျင်းခဲ့သည်။ ခင်းရန်ကျန်ရှိသော ဘုရင့်နောင်အမှတ်(၁)တံတားချဉ်းကပ်လမ်းမှ အမှတ်(၅၃၂)တပ်ထိပ်ကြား အရှည် ၁၈၀၀ ပေ လမ်းပိုင်း၌ အရှည်ပေ ၃၀၀ တွင် တစ်ဖက်လူသွားစင်္ကြံခြောက်ပေပါရှိသော ထပ်ပိုးကွန်ကရစ်လမ်းအဖြစ် အရှည်ပေ ၃၀၀၊ အကျယ် ၃၆ ပေနှင့် ဒု ၁၁ လက်မ ထပ်ပိုးခင်းခြင်းဖြစ်သည်။

**၅၀ ရာခိုင်နှုန်းပြီးနေ**

"စက်တင်ဘာ ၅ ရက်မှစပြီး ထပ်ပိုးခင်းတာပါ။ တံတားအတက်မှာ ချဉ်းကပ်လမ်းက နိမ့်နေတော့ ယာဉ်တွေ တံတားပေါ်အတက်မှာ အရှိန်နဲ့ကျတဲ့အတွက် တံတားကြမ်းခင်းထိခိုက်နိုင်တယ်။ အဲဒီလိုမဖြစ်အောင် တံတားလည်းမနာအောင်၊ ယာဉ်တွေလည်းအတက်မှာအဆင်ပြေအောင် တံတားချဉ်းကပ်လမ်းကစပြီး အောက်ဘက်ပေ ၃၀၀ ထိ ကွန်ကရစ်ထပ်ပိုးလမ်းခင်းတာ ၅၀ ရာခိုင်နှုန်းပြီးနေပါပြီ။ ၁၈ ရက်နေ့ဆိုရင် အားလုံးပြီးစီးမှာပါ။ အမှတ်(၅)လမ်းမကြီးထပ်ပိုးကွန်ကရစ်လမ်းခင်းထားတာ အမှတ်(၅၃၂)တပ်ရှေ့နားမှာ ဆုံးသွားတဲ့အတွက် အဲဒီနေရာကနေ လက်ရှိခင်းနေတဲ့ ပေ ၃၀၀ နဲ့ကြားမှာ ပေ ၁၅၀၀ ကျန်ပါတယ်။ ကျန်တဲ့လမ်းပိုင်းကိုလည်း အမှတ်(၅)လမ်းမကြီးနဲ့ တစ်ဆက်တည်းဖြစ်အောင် ခင်းဖို့လ ည်းရှိပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလမ်းနှင့် တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အထောက်အကူဖြစ်စေ**

တိုင်းဒေသကြီးနှစ်ခု၏ ကူးသန်းသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် လှိုင်မြစ်ကိုဖြတ်သန်းတည်ဆောက်ထားသော တံတားကြီးလေးစင်းတွင် ဘုရင့်နောင်အမှတ်(၁)တံတားမှာ ပထမဆုံးတည်ဆောက်ခဲ့သောမြစ်ကူးတံတားကြီးဖြစ်ပြီး ထိုတံတားကြီးတည်ဆောက်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ စားသောက်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှရေထွက်ကုန်၊ ဆန်နှင့်ဆီထွက်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းမှု မြန်ဆန်ခဲ့ရာ တိုင်းဒေသကြီးနှစ်ခု၏ ကုန်စည်စီးဆင်းမှုကို အထောက်အကူဖြစ်စေခဲ့သည်။ ယာဉ်ဖြတ်သန်းသွားလာမှုများသောကြောင့် တံတားအတက်၊ အဆင်းနေရာတို့တွင် လမ်းပိုင်းနိမ့်ဆင်းမှုဖြစ်ခဲ့ပြီး ဘုရင့်နောင်ဘက်အခြမ်းတွင် ကတ္တရာလမ်းပိုင်းခင်းကျင်းမှုပြီးစီးခဲ့၍ လှိုင်သာယာဘက်အခြမ်းတွင် တံတားကြံ့ခိုင်မှုရှိစေရန်နှင့် ယာဉ်များသွားလာရေး အဆင်ပြေချောမွေ့စေရန် ထပ်ပိုးကွန်ကရစ်လမ်းပိုင်း ခင်းကျင်းခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးမှ လှိုင်သာယာမြို့နယ်ကိုဖြတ်သန်း၍ ရန်ကုန်မြို့သို့ ကုန်စည်များဝင်ရောက်ရာ၌ ရွှေပြည်သာမြို့နယ်သို့ ရွှေပြည်သာတံတားမှလည်းကောင်း၊ အင်းစိန်မြို့နယ်သို့ အောင်ဇေယျ ကြိုးတံတားမှလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနှင့် သီးနှံဈေး၊ ငါးဈေးများသို့ ဘုရင့်နောင်အမှတ်(၂)တံတားနှင့် ဘုရင့်နောင်အမှတ်(၁)တံတားတို့မှလည်းကောင်း ကုန်စည်များ စီးဆင်းလျက်ရှိပြီး စက်မှုဇုန်များရှိသောကြောင့် နေ့စဉ်ယာဉ်သွားလာမှုများသည့်အတွက် တံတားများခံနိုင်ဝန် ထိခိုက်မှုမရှိစေရန်နှင့် တံတားအတက်၊ အဆင်းယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သက်ဆိုင်ရာ ကဏ္ဍအလိုက် တံတားလေးစင်းကြံ့ခိုင်မှုနှင့်လမ်းများကောင်းမွန်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ယာဉ်များသွားလာရေးမြန်ဆန်ချောမွေ့စေရန် လက်ရှိဆောင်ရွက်နေသော ဘုရင့်နောင်တံတားအမှတ်(၁)ချဉ်းကပ်လမ်း ထပ်ပိုးကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား စက်တင်ဘာ ၁၈ ရက်တွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

သတင်း-ညီမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး

**(၇.၉.၂၀၂၁) ရက်ထုတ် ကြေးမုံသတင်းစာတွင် ပါရှိခဲ့သော ဒေါ်ခင်မြနွယ်၏ရှေ့နေ ဒေါ်သီရိလှိုင်ဌေး (တရားလွှတ်တော်ရှေ့နေ) ၏ အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း**

ကျွန်ုပ်၏အမှုသည်များဖြစ်သော ကိုချစ်ရင်ထူး [၁၂/အစန (နိုင်) ၂၅၁၁၄၃]၊ ကိုဝသုန်စိုး [၁၂/အစန (နိုင်) ၂၅၇၀၀၉]၊ ကိုပြည့်ဖြိုးခန့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်မြနွယ်နှင့် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်-

အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ အုပ်စု (၁၁)၊ သာယာလမ်း၊ အမှတ် (ဘီ/၃၄)ဟု ခေါ်တွင်သော (၆၀ပေ × ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်မှာ ကျွန်ုပ်၏အမှုသည်များဖြစ်သော ကိုချစ်ရင်ထူး၊ ကိုဝသုန်စိုး၊ ကိုပြည့်ဖြိုးခန့်တို့၏ဖခင် ဦးဇော်ဇော်နှင့် မိခင် ဒေါ်ဝင်းဝင်းမြင့်တို့ ပေါင်းသင်းစဉ်ကပင် ဖခင် ဦးဇော်ဇော်မှ ဝယ်ယူကာ ဖခင် ဦးဇော်ဇော်၊ မိခင် ဒေါ်ဝင်းဝင်းမြင့်၊ ကိုချစ်ရင်ထူး၊ ကိုဝသုန်စိုးတို့မိသားစု အတူတကွနေထိုင်ပိုင်ဆိုင်လာခဲ့ကြသည့် အိမ်နှင့်မြေကွက်ဖြစ်ပါသည်။ ထို့နောက် (၂၀၀၅)ခုနှစ်ခန့်တွင် ဒေါ်ခင်မြနွယ်ရောက်ရှိလာပြီး၊ မိခင်ဖြစ်သူ ဒေါ်ဝင်းဝင်းမြင့်မှာ ဦးဇော်ဇော်နှင့် ကွာရှင်းခြင်းမရှိဘဲ အတူနေထိုင်ခဲ့ကြကာ ၂၀၀၆ ခုနှစ်တွင် သားငယ် ပြည့်ဖြိုးခန့်အား မွေးဖွားခဲ့ပါသည်။ နောက်ပိုင်းတွင် မိခင်ဖြစ်သူ ဒေါ်ဝင်းဝင်းမြင့်မှာ ဒေါ်ခင်မြနွယ်နှင့် ပတ်သက်ပြီး စိတ်ဒုက္ခများကို မခံစားနိုင်တော့သည့်အတွက် အခြားနေရာသို့ ထွက်ခွာသွားခြင်းဖြစ်ပြီး၊ သားဖြစ်သူ ကိုဝသုန်စိုးနှင့် ကိုပြည့်ဖြိုးခန့်မှာ ဦးဇော်ဇော်နှင့် အတူ နေထိုင်ခဲ့ကြပါသည်။

ထို့ကြောင့် ဦးဇော်ဇော်နှင့် ဒေါ်ခင်မြနွယ်တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပြီးသည့်နောက်မှ အထက်ပါမြေကွက်အား လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့သည်ဆိုသည်မှာ မှန်ကန်မှုမရှိပါ။ ထို့အပြင် ယင်းမြေကွက် ပေ (၆၀ × ၆၀) အနက်မှ ပေ (၂၅ × ၆၀) မြေကွက်အား ရောင်းချခဲ့ပြီး ရောင်းဖိုးငွေအလုံးစုံကို သား (၃)ဦးအတွက် အမွေအဖြစ် ပေးအပ်ခဲ့သည်ဆိုခြင်းမှာလည်း မှန်ကန်မှုမရှိပါ။ ဖခင်ဖြစ်သူ ဦးဇော်ဇော်မှာ သားဖြစ်သူ ကိုချစ်ရင်ထူး၊ ကိုဝသုန်စိုး၊ ကိုပြည့်ဖြိုးခန့်တို့အား အမွေတစ်စုံတစ်ရာ ခွဲဝေပေးခဲ့ရခြင်းမရှိသေးပဲ (၂၄. ၇. ၂၀၂၁)နေ့တွင် ကွယ်လွန်သွားသည့်အတွက် အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ အုပ်စု (၁၁)၊ သာယာလမ်း၊ အမှတ် (ဘီ/၃၄) ဟု ခေါ်တွင်သော မြေအကျယ် (၃၅ ပေ × ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး (၂) လုံးမှာ သားဖြစ်သူ ကိုချစ်ရင်ထူး၊ ကိုဝသုန်စိုးနှင့် ကိုပြည့်ဖြိုးခန့်တို့အတွက် အမွေပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကိုချစ်ရင်ထူး၊ ကိုဝသုန်စိုးနှင့် ကိုပြည့်ဖြိုးခန့်တို့၏ အမွေဆိုင်ပစ္စည်းဖြစ်သော အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ အုပ်စု (၁၁)၊ သာယာလမ်း၊ အမှတ် (ဘီ/၃၄) ဟုခေါ်တွင်သော မြေအကျယ် (၃၅ပေ × ၆၀ပေ) မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး (၂) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကိုချစ်ရင်ထူး၊ ကိုဝသုန်စိုး၊ ကိုပြည့်ဖြိုးခန့်တို့၏ သိရှိသဘောတူခွင့်ပြုချက်မပါဘဲ ဒေါ်ခင်မြနွယ်အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ တနည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်ခဲ့သူများ၏တာဝန်သာဖြစ်ပြီး၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျော်မိုး (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၈၄)

အမှတ် (၂)၊ အောင်ဇေယျလမ်း၊ ဖော့ကန်ရပ်ကွက်၊

အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၉ ၇၇၄၅၄၅၉၉၉၊ ၀၉ ၄၂၀၁၄၆၃၈၉

**✳ စပါးအသင်းမှ**

အက်ဒေါ်ရဲ့ သွင်းဂိုးနှစ်ဂိုးကိုပါ ထပ်မံခွင့်ပြုပေးလိုက်ရတာကြောင့် ခရစ္စတယ်ပဲလေ့အသင်းက စပါးအသင်းကို သုံးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ပြင်သစ်တိုက်စစ်မှူး အက်ဒေါဟာ အခုနှစ်နွေရာသီ အပြောင်းအရွှေ့ဈေးကွက် ပိတ်သိမ်းချိန်မတိုင်မီအတွင်းမှာ ဆဲလ်တစ်အသင်းကနေ ခရစ္စတယ်ပဲလေ့အသင်းဆီကို ပြောင်းရွှေ့လာခဲ့သူလည်း ဖြစ်ပါတယ်။

ငွေကြယ်

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

သင့် သွေး ဖြင့်
အ သက် ကယ် ပါ

**Myanmar Digital News**

နောက်ဆုံးရပြည်တွင်းနှင့်နိုင်ငံတကာ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပြီး
မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light Of Myanmar နေ့စဉ်ထုတ်
သတင်းစာ (၃)စောင်ကို အွန်လိုင်းကနေ အလွယ်တကူ ဖတ်ရှုနိုင်ပြီး

News and Periodicals Enterprise

www.mdn.gov.mm

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....



- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## အောင်ဘာလေထီလက်မှတ်များကို Online မှ ရောင်းချနိုင်ရေး နည်းပညာဝန်ဆောင်မှုပေးလိုသောကုမ္ပဏီ/အဖွဲ့အစည်းများထံမှ စိတ်ဝင်စားမှု အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေထီလက်မှတ်များကို ကံစမ်းသူများ လွယ်ကူလျင်မြန်စွာ ဝယ်ယူကံစမ်းနိုင်ရေးအတွက် လက်ရှိကျင့်သုံးလျက်ရှိသော အောင်ဘာလေထီလက်မှတ်ရောင်းချသည့်စနစ် (Paper Lottery) ဖြင့် ရောင်းချခြင်းအပြင် Online မှတစ်ဆင့် ရောင်းချခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် နည်းပညာပိုင်းပံ့ပိုးမှုများ ပြုလုပ်ဆောင်ရွက်ပေးနိုင်မည့် Service Provider လုပ်ငန်းတစ်ခုကို ရွေးချယ်ငှားရမ်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားမှုဖော်ပြချက်(Expression of Interest–EOI) အဆိုပြုလွှာများပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ တင်သွင်းရမည့် အဆိုပြုလွှာ(EOI)နှင့် အချက်အလက်များကို ကုမ္ပဏီ/အဖွဲ့အစည်း (Service Provider)များအနေဖြင့် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၄:၀၀ နာရီ) နောက်ဆုံးထား၍ တင်သွင်းပေးပို့ရမည်ဖြစ်ပါသည်။

၄။ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ တင်သွင်းရမည့် အဆိုပြုလွှာ(EOI) ပုံစံနှင့်သိရှိလိုသည့် အချက်အလက်များကို ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃၊ Email:ir.officeofthedg.mm @ gmail.com သို့ ဆက်သွယ် တောင်းခံရယူစုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ website https://www.ird.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၉၉)၊ ဧရိယာ(၀.၀၇၂)ဧက၊ မြေအမျိုးအစား၊ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၉၉)၊ အောင်မာဃလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးတင်စိန်(AA-၀၈၆၅၂၅) [၁၂/ဥကတ(နိုင်)၀၁၅၉၉၀] [၎င်း၏ကိုယ်စား သန်လျင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၈/၂၀၂၁(၂-၆-၂၀၂၁)]အရ ဒေါ်လှလှဝင်း[၁၁/မပန(နိုင်)၀၀၃၅၂၀])မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၁၉)လမ်း၊ အမှတ်(G-8)(အလျား ၂၀ပေx ၆၀ပေ)ရှိ အိမ်ခြံမြေနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်ခင်ကြည် [၁၃/လရန(နိုင်)၁၃၂၅၇၅]ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ အိမ်နှင့်ခြံမြေ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများနှင့် အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပေရယ်စိုး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၈၅)**
**ဖုန်း-၀၉-၂၅၀၉၃၄၀၀၃၊ ၀၉-၄၄၃၁၁၄၄၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၈၊ မြေကွက်အမှတ်-၃၇/က၊ (အလျားxအနံ) (၂၀'x၆၀')၊ (၀.၀၂၇၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC နှစ်ထပ်အိမ်တစ်လုံးတို့ကို မြေအမည်ပေါက် ဦးသိန်းမြင့်ထံမှ အဆက်စပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးသီဟ[၁၀/မလမ(နိုင်)၀၂၀၁၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၁၃)**
**အမှတ်-၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၂၁၄၇၇**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၁၃/၂၀၂၀-၂၀၂၂ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ (၁၅၇၃.၈၀၆၄) ကုဗမီတာအား အမေရိကန်ဒေါ်လာ(US$) ဖြင့် အိတ်ဖွင့်လေလံ (Online)စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၂၄-၉-၂၀၂၂ ရက်(သောကြာနေ့) မွန်းတည့် (၁၂:၀၀) နာရီ

(ခ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်လေလံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် UE(1) တိုးချဲ့ (၁) ရပ်ကွက် ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ် (၈၄၄/က) အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်အား ပိုင်ဆိုင်သူ ဦးထွန်းထွန်းဝင်းမှ ရောင်းချ လိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ သဘောတူသည့် အလျောက် စရံငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် ကန့်ကွက်လိုပါက စာချုပ်မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေအတိုင်း အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဆုလှိုင်ဝေ LL.B
အထက်တန်းရှေ့နေ (စဉ်-၃၇၀၃၅)
၀၉-၄၅၅၀၈၆၅၃
အမှတ်(၅၂၉/၅၃၀)၊ စိုက်ပျိုးရေးလမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ က/ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်(၆၆၄)၊ မြေငှားဂရန် အမည်ပေါက် ဒေါ်ရင်မြင့်[၁၂/ဥကမ(နိုင်)၁၂၉၆၄၄]မြေငှားစာချုပ်အမှတ်-မဥ/က-၇၄၀/၉၃၊ အမှုတွဲအမှတ်-ရကစ/မြေယာ (မဥ/က-၇၄၀/၉၃)၏ အလျား ၂၀ ပေx အနံ ၆၀ ပေ ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ထပ်နေအိမ်အပါအဝင် ပိုင်ရေးဆိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းသီတာ[၁၂/ဥကမ(နိုင်)၁၂၉၆၀၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက(စရန်ငွေ)အချို့အဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝေဝေမြနိုင်(စဉ်-၉၄၂၃)** | **ဒေါ်မိုးမိုးမြင့်(စဉ်-၁၁၉၆၁)** |
| **LL.B.,D.B.L** | **LL.B,D.B.L.,D.M.L.,** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၁၀၃၉၄**

## "အများသိစေရန် ကန့်ကွက်ကြေညာခြင်း"

(၅-၉-၂၀၂၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)တွင် ရှေ့နေများဖြစ်ကြသော ဦးစွမ်းထက်ပိုင် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ပိုးဇာနည်ဝင်း (အထက်တန်းရှေ့နေ)တို့မှ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာပါရှိခဲ့ပါသည်။ ယင်းကြော်ငြာအပေါ် ဒေါ်သန္တာအောင် [၁၂/တတန(နိုင်)၁၄၉၀၅၉]မှ အောက်ပါအတိုင်း ကန့်ကွက်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ မြေကွက်အမှတ် (၉၃၀)၊ နှစ်(၆၀) မြေငှားဂရန်အမျိုးအစား၊ ပေ(၄၁x၆၀)၊ ဧရိယာ(၀.၀၅၆)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးညဏ်လင်း [၁၂/ရပသ(နိုင်)၀၂၃၂၇၃]မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်ပါသည်။ ယင်းနေအိမ်နှင့် မြေတို့ကို ဒေါ်သန္တာအောင်မှ (၃၀-၆-၂၀၂၂) ရက်တွင် ဝယ်ယူရန်အတွက် စရန်ပေး စာချုပ်ချုပ်ဆိုကာ ငွေကျပ်သိန်း ၇၀၀တိတိကို ရောင်းသူထံ ပေးချေထားပြီးဖြစ်ပါသည်။ ကျန်ငွေပေးချေရန်အတွက် (၃၁-၇-၂၀၂၂)ရက်သို့ ချိန်းဆိုခဲ့ပါသည်။ သို့သော် ရောင်းသူ ဦးညဏ်လင်းသည် (၂၆-၇-၂၀၂၂) ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် ငွေပေးချေနိုင်ခြင်းမရှိသည့် အခြေအနေဖြစ်နေပါသည်။

ထို့ကြောင့် ဒေါ်သန္တာအောင်မှ စရန်ပေးစာချုပ်တွင် အရောင်းအဝယ်ပြုရန် သဘောတူထားပြီးဖြစ်ပါသောကြောင့် အထက်ဖော်ပြပါကြေညာတွင်ပါရှိသည့်ပစ္စည်းအား ထပ်မံအရောင်းအဝယ်ပြုခြင်းအပေါ် ကန့်ကွက်ပါသည်။ အကယ်၍ ဆက်လက်အရောင်းအဝယ်ပြုလုပ်ပါက မိမိတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင်၏ (လွှဲအပ်ညွှန်ကြားချက်အရ)-**
**ဦးလှိုင်ဘွား (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၀)**
**အမှတ် (၄၇၅)၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၅၅၂၀၄၊ ၀၉-၈၉၂၇၅၅၀၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (၆/၁၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ်(၉၁)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ပေ(၂၀x၆၀)၊ ခြေရင်းဘက်ခြမ်း၊ မြေကွက်အမှတ် (၉၀)နှင့်ကပ်လျက်ခြမ်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်ပိုင်ရှင် ဦးအောင်ဈာန် [၁၂/ရပသ(နိုင်)၀၃၅၅၄၁]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို အသိသက်သေများရှေ့မှောက်တွင် ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်သန်း (လမ်းမတော်) B.Sc, H.G.P,R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၅၉)**
**အောင်ပြည့်စုံ Law Firm**
**အမှတ် (၁၁၄)၊ ဆင်မင်းလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၉၃၃၁၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း


ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာငါးဆယ်(မ)ရပ်ကွက်ဈေးကလေးလမ်း၊ အမှတ်(၂၀၁) နေ ဖခင် ဦးမောင်မောင်စိုး[၁၄/ဟသတ(နိုင်)၀၅၈၂၄၂]-မိခင် ဒေါ်မေကြူဝင်း[၁၄/ဟသတ(နိုင်)၀၅၇၅၇၉]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ပါ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်စိုး-ဒေါ်မေကြူဝင်းတို့၏ သား(၃)ဦးအနက် ဒုတိယသားဖြစ်သူ မောင်ထက်အောင်ကောင်း(ခ)ဂွတ်ဂွတ်[၁၄/ဟသတ(နိုင်)၂၂၂၂၁၀]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း လုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ သူနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှ မိဘနှစ်ပါးနှင့်သက်ဆိုင်ခြင်းမရှိကြောင်းနှင့် အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစံဝင်း(B.A,H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၆၀၄၃)**
**အမှတ်-၃၂၃၊ ရွှေစေတီလမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။**
**ဖုန်း-၀၉-၇၉၂၉၈၈၀၉၁**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟာရိစေတရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုဝေါ်ခြံဝန်းတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible: table of project items and cost figures]

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

**သတင်းထုတ်ပြန်ချက် ( ၂/ ၂၀၂၁)**
**၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) ဖြင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့မှ စတင်ထုတ်ပေးခဲ့ပြီး ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလသက်တမ်း တစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်(၆)လ သက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေရရှိသူများသည် မူလချေးငွေ သက်တမ်းတစ်နှစ်နှင့် ထပ်မံခွင့်ပြုထားသည့် (၆)လကာလမှာ အောက်တိုဘာလတွင် စတင်၍ ချေးငွေသက်တမ်းကာလ ထပ်မံပြည့်မြောက်တော့မည်ဖြစ်ပါသည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ☆**

# ဘုရင့်နောင် အမှတ်(၁)တံတားချဉ်းကပ်လမ်းပိုင်း ထပ်ပိုးခင်းကျင်းမှု မြန်ဆန်စွာပြီးစီးရန် ဆောင်ရွက်နေ

**ရန်ကုန် စက်တင်ဘာ ၁၁**

တိုင်းဒေသကြီးနှစ်ခု၏ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာရေးတွင် အရေးပါသော ရောဝတီတိုင်းဒေသကြီး၏ ကုန်သွယ်ရေးတံခါးပေါက်ကြီးဖြစ်သည့် ဘုရင့်နောင် အမှတ်(၁)တံတားတွင် ချဉ်းကပ်လမ်းပိုင်းအား ကွန်ကရစ်ထပ်ပိုးခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြန်ဆန်စွာ ပြီးစီးရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလမ်းနှင့် တံတားဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

နေ့စဉ် ယာဉ်ဖြတ်သန်းသွားလာမှုများသော အမှတ်(၅)လမ်းမကြီးအား ကွန်ကရစ်ထပ်ပိုးလမ်းအဖြစ် နည်းပညာတက္ကသိုလ်လမ်းစုံမှ အမှတ်(၅၃၂)တပ်ထိပ်အနီးထိ အကျယ် ၇၂ ပေ၊ ၁၁ လက်မဒု ခြောက်လမ်းသွားနှင့် **စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○**



## ကြေးမုံ ယနေ့ ဖတ်စရာ

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က မြစ်သာမြစ်ကူး ကြိုးတံတားအား မိုင်းခွဲဖျက်ဆီး**
စာမျက်နှာ » ၁၄

**စာပေအနုပညာ ကောင်းကင်တွင် အစဉ်တောက်ပနေမည့် ကြယ်တစ်ပွင့် သို့မဟုတ် ဆရာကြီး မင်းယုဝေ**
စာမျက်နှာ » ၁၅

**မျိုးဆက်သစ် ပျိုးခင်း**
စာမျက်နှာ » ၂၀၊ ၂၁

# စပါးအသင်းရဲ့ ရာသီအစ ရာနှုန်းပြည့်နိုင်ပွဲဆက်မှု ခရစ္စတယ်ပဲလေ့ကို သုံးဂိုးပြတ်ရှုံးပြီး အဆုံးသတ်ခဲ့ရ




စပါးအသင်းဟာ ပရီမီယာလိဂ်ရာသီအစသုံးပွဲမှာ ရာနှုန်းပြည့်နိုင်ပွဲရရှိကာ ရမှတ်ကိုးမှတ်နဲ့ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပေမယ့် ခရစ္စတယ်ပဲလေ့အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရာနှုန်းပြည့်နိုင်ပွဲဆက်မှု အဆုံးသတ်ခဲ့ရပြီ ဖြစ်ပါတယ်။

**ဂိုးမသွင်းနိုင်ခဲ့**

ပရီမီယာလိဂ်ပွဲစဉ်(၄)ရဲ့ စက်တင်ဘာ ၁၁ ရက် (စနေနေ့ည)အစောပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၅၈ မိနစ်မှာ စပါးအသင်းကစားသမား တန်ဂန်ဂါ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။

ခရစ္စတယ်ပဲလေ့အသင်းဟာ ပွဲကစားချိန် ၇၆ မိနစ်မှာ စပါးနောက်ခံလူ ဘန်ဒေးဗီးလ်ရဲ့ လက်ထိဘောမှတစ်ဆင့် ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုး ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပင်နယ်တီသွင်းဂိုးကို တောင်ပံကစားသမား ဇာဟာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရ**

အဲဒီပွဲစဉ်မှာ စပါးအသင်းဟာ ၅၈ မိနစ်နောက်ပိုင်း တစ်ယောက်လျော့နဲ့ ကစားခဲ့ရသလို အိမ်ရှင်ခရစ္စတယ်ပဲလေ့အသင်းရဲ့ ဦးဆောင်ဂိုးကိုပါခွင့်ပြုပေးခဲ့ရတာကြောင့် ချေပဂိုးပြန်လည်သွင်းယူဖို့ပင် အခက်ကြုံခဲ့ရသလို ပွဲကစားချိန် ၈၄ မိနစ်နဲ့ မိနစ် ၉၀ တို့မှာ **စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✳**